## အခန်း(၁)
## နိဒါန်း

၁။ * * * *

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ။**

၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားစပ်နှင့်ဖြစ်စေ၊ ဆန့်ကျင်ချက် တစ်စုံတစ်ရာ မရှိလျှင်-

(၁) **ဝယ်ယူသူ** ဆိုသည်မှာကုန်စည်ဝယ်ယူသူသို့မဟုတ် ကုန်စည်ဝယ်ယူရန် သဘောတူ သူကို ဆိုသည်။

(၂) **လက်ရောက်ပေးအပ်ခြင်း** ဆိုသည်မှာ လက်ရှိထားခြင်းကို သူတစ်ဦးက အခြားသူ တစ်ဦးသို့ မိမိ အလိုအလျောက်လွှဲပြောင်းပေးခြင်းကိုဆိုသည်။

(၃) **ကုန်စည်ကိုလက်ရောက်ပေးနိုင်သော အခြေအနေသို့ ရောက်ရှိသည်** ဆိုခြင်းမှာ ဝယ်ယူသူက ပဋိညာဉ်အရလက်ခံရန် တာဝန်ကျရောက်သည့် အခြေအနေသို့ ရောက်ရှိနေခြင်းဖြစ်သည်။

(၄) **ကုန်စည်ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း အထောက်အထား** ဆိုသည့်စကားရပ် တွင် ကုန်တင် လက်မှတ်၊ ဆိပ်ကမ်းကုန်ရုံမှ ပစ္စည်းထုတ်ယူရန် ပိုင်ရှင်အား ပေးသည့် လက်မှတ်၊ ကုန်လှောင်ရုံပိုင် လက်မှတ်၊ ဆိပ်ခံတံတားပိုင်ရှင်များ လက်မှတ်၊ မီးရထား တန်ဆာ၊ ကုန်စည်လက်ရောက်ပေးအပ်ရန် လက်မှတ် သို့မဟုတ် အမိန့်စာ၊ ထို့ပြင် သာမန်အရောင်းအဝယ် လုပ်ရိုးလုပ်စဉ်၌ အသုံးပြုသော ကုန်စည် လက်ရှိဖြစ်ကြောင်း ကိုဖြစ်စေ၊ ကုန်စည်ကို စီမံအုပ်ချုပ် ကြောင်းကိုဖြစ်စေ၊ သက်သေထင်ရှားစေသည့် သို့မဟုတ် စာချုပ်စာတမ်း လက်မှတ်လက်ရှိဖြစ်သူအား အဆိုပါလက်မှတ်၌ ဖော်ပြသည့် ကုန်စည်ကို လွှဲပြောင်း ပေးရန် ဖြစ်စေ၊ လက်ခံရန်ဖြစ်စေ၊ တစ်ဆင့်ရေးမှတ်ချက်ဖြင့် သော်လည်းကောင်း၊ ပေးအပ်ခြင်းဖြင့် သော်လည်းကောင်း၊ အခွင့်အပ်နှင်းသည့် သို့မဟုတ် အခွင့် အပ်နှင်း ရာရောက်သည့် အခြားစာချုပ်စာတမ်း လက်မှတ် တစ်စုံ တစ်ရာလည်း ပါဝင်သည်။

(၅) **ချို့ယွင်းချက်** ဆိုသည်မှာ မတရားလုပ်ဆောင်မှု သို့မဟုတ် ပျက်ကွက်မှုကို ဆိုသည်။

(၆) **အနာဂတ်ကုန်စည်** ဆိုသည်မှာ အရောင်းပဋိညာဉ်ချုပ်ဆိုပြီးနောက် ရောင်းချသူက ကုန်ချောထုတ် လုပ်မည့် သို့မဟုတ် ကုန်ထုတ်လုပ်မည့် သို့မဟုတ် ရရှိမည့် ကုန်စည်ကို ဆိုသည်။

(၇) **ကုန်စည်** ဆိုသည်မှာ တရားစွဲဆိုတောင်းခံနိုင်သည့် ဆိုင်ရာဆိုင်ခွင့်နှင့် ငွေကြေးမှ တစ်ပါး အခြား ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့ကို ဆိုသည်။ ယင်း စကားရပ်တွင် စတော့နှင့်ရှယ်ယာများ၊ စိုက်ပျိုးထားသည့်သီးနှံများ၊ မြက်များနှင့် ရောင်းချခြင်း မပြုမီဖြစ်စေ၊ အရောင်းပဋိညာဉ်အရဖြစ်စေ၊ စီမံဆောင်ရွက်ရန် သဘောတူထားသည့် မြေ၌ စွဲကပ်ထားသော သို့မဟုတ် မြေ၏ အစိတ်အပိုင်း အဖြစ် တည်ရှိသော အရာဝတ္ထုများလည်း ပါဝင်သည်။

(၈) **လူမွဲခေါ် ကြွေးမြီပေးဆပ်ခြင်း မပြုနိုင်သူ** ဆိုသည်မှာ သာမန်လုပ်ငန်းလုပ်ကိုင်ရာ ၌ မိမိ၏ ကြွေးမြီများပေးဆပ်ခြင်းမှ ရပ်စဲထားသူ သို့မဟုတ် လူမွဲအဖြစ် ကြွေးမြီ မပေးဆပ်နိုင်မှုကို ကျူးလွန်ခြင်းဖြင့်ဖြစ်စေ၊ မကျူးလွန်ဘဲဖြစ်စေ ပေးဆပ်ရန် အချိန်ကျရောက်သည့် ၎င်း၏ကြွေးမြီများကို ပေးဆပ်ခြင်း မပြုနိုင်သူကို ဆိုသည်။

(၉) **ကူးသန်းရောင်းဝယ်ရေးကိုယ်စားလှယ်** ဆိုသည်မှာ ထုံးစံအတိုင်း လုပ်ကိုင် ဆောင်ရွက် သည့်လုပ်ငန်း၌ အဆိုပါကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အရ ကုန်စည် ရောင်းချရန်ဖြစ်စေ၊ ရောင်းချရန်ကိစ္စအလို့ငှာ ကုန်စည်ကို တင်ပို့ရန်ဖြစ်စေ၊ ကုန်စည်ဝယ်ယူရန်ဖြစ်စေ၊ ကုန်စည်ကို အာမခံထား၍ ငွေကြေးတိုးပွား အောင် ဆောင်ရွက်ရန်ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသူကို ဆိုသည်။

(၁၀) **တန်ဖိုး** ဆိုသည်မှာ ကုန်စည်ရောင်းချရာ၌ အဖိုးစားနားအဖြစ် ပေးရသည့်ငွေကို ဆိုသည်။

(၁၁) **ပစ္စည်းပိုင်ဆိုင်ခွင့်** ဆိုသည်မှာ ကုန်စည်နှင့် စပ်လျဉ်း၍ ယေဘုယျပိုင်ဆိုင်ခြင်းကို ဆိုပြီး သာမန်အားဖြင့် သီးခြားပစ္စည်းတစ်ရပ် ပိုင်ဆိုင်ခြင်းကိုသာ ဆိုလိုခြင်း မဟုတ်။

(၁၂) **ကုန်စည်အရည်အသွေး** ဆိုရာတွင် ကုန်စည်၏ အနေအထား သို့မဟုတ် အခြေအနေ လည်း ပါဝင်သည်။

(၁၃) **ရောင်းချသူ** ဆိုသည်မှာ ကုန်စည်ကို ရောင်းချသူ သို့မဟုတ် ရောင်းချရန် သဘောတူသူကို ဆို သည်။

(၁၄) **သီးခြားသတ်မှတ်ထားသည့် ကုန်စည်** ဆိုသည်မှာ အရောင်းပဋိညာဉ်ပြုလုပ်ချိန်၌ မည်သည့် ကုန်စည်ဖြစ်ကြောင်း ခွဲခြားသိသာစေပြီး သဘောတူညီထားသည့် ကုန်စည်ကို ဆိုသည်။ ထို့ပြင်

(၁၅) ဤအက်ဥပဒေ၌ အဓိပ္ပာယ်ဖော်ပြမထားသော်လည်း ပဋိညာဉ်အက်ဥပဒေ၌ အဓိပ္ပာယ် ဖော်ပြထားပြီး ထိုအက်ဥပဒေ၌ အသုံးပြုသည့် စကားရပ်များအရ ကုန်စည် ရောင်းပဋိညာဉ်ဆိုသည့် စကားရပ်မှာ ထိုအက်ဥပဒေ၌ ဖော်ပြထားသည့် စကားရပ်အတိုင်း ဖြစ်သည်။

**ပဋိညာဉ်အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်း။**

၃။ ပဋိညာဉ် အက်ဥပဒေပါ ရုပ်သိမ်းခြင်းမရှိသေးသည့် ပြဋ္ဌာန်းချက်များသည် ဤအက် ဥပဒေ၌ အတိအလင်းဖော်ပြထားသည့်ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု ရှိသည်မှတစ်ပါး ကုန်စည်ရောင်းချ ရန် ပဋိညာဉ်များနှင့် ဆက်လက်သက်ဆိုင် စေရမည်။

## အခန်း(၂)

## ပဋိညာဉ်ဖွဲ့စည်းခြင်းအရောင်းပဋိညာဉ်

**ရောင်းချခြင်းနှင့် ရောင်းချရန်သဘောတူညီခြင်း။**

၄။ (၁) **ကုန်စည်အရောင်းပဋိညာဉ် တစ်ရပ်**ဆိုသည်မှာ ပဋိညာဉ်တစ်ရပ်ဖြစ်ပြီး ၎င်းပဋိညာဉ်အရ ရောင်းချသူက ကုန်စည်၏ ပိုင်ဆိုင်မှုကို ဝယ်ယူသူအား တန်ဖိုးဖြင့် လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် လွှဲပြောင်းပေးရန် သဘောတူခြင်းကို ဆိုသည်။ ကုန်စည် တစ်စိတ်တစ်ဒေသ ပိုင်ဆိုင်သူအချင်းချင်း လည်း ရောင်းချရန် ပဋိညာဉ်ပြုလုပ်နိုင်သည်။

(၂) အရောင်းပဋိညာဉ်တစ်ရပ်သည် အပြီးအပြတ်ရောင်းချခြင်း သို့မဟုတ် စည်းကမ်းချက် ထား၍ ရောင်းချခြင်းဖြစ်နိုင်သည်။

(၃) အရောင်း ပဋိညာဉ်တစ်ရပ်အရ ကုန်စည်ပိုင်ဆိုင်ခွင့်ကို ရောင်းချသူက ဝယ်ယူ သူထံသို့ လွှဲပြောင်း ပေးသည့်အချိန်တွင် အဆိုပါပဋိညာဉ်ကို ရောင်းချခြင်း ဟု ခေါ်သည်။ သို့ရာတွင် ကုန်စည်ပိုင်ဆိုင်ခွင့်ကို အနာဂတ်ကာလကျရောက်မှ ဖြစ်စေ၊ ပဋိညာဉ်ပြုလုပ်ပြီးနောက်မှ

လိုက်နာရမည့် စည်းကမ်းချက် တစ်စုံတစ်ရာကို အထောက်အထားပြု၍ ကုန်စည် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းရာတွင်ဖြစ်စေ ၄င်းပဋိညာဉ် ကိုရောင်းချရန် သဘောတူညီချက် ဟုခေါ်သည်။

(၄) ရောင်းချရန် အချိန် ကုန်လွန်သည့်အခါတွင်ဖြစ်စေ၊ ကုန်စည်ပိုင်ဆိုင်ခွင့် လွှဲအပ် ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကိုဖြည့်ဆည်းပြီးလျှင် ဖြစ်စေ ရောင်းချရန် သဘော တူညီချက်တစ်ရပ်သည် ရောင်း ချခြင်းအဖြစ်သို့ ရောက်ရှိ သွားသည်။

**ပဋိညာဉ်နှင့်သက်ဆိုင်သော ထုံးနည်းကျင့်စဉ်များ**

**အရောင်းပဋိညာဉ်ကို မည်ကဲ့သို့ပြုလုပ်ရခြင်း။**

၅။ (၁) အရောင်းပဋိညာဉ်တစ်ရပ်သည် ကုန်စည်ကို တန်ဖိုးဖြင့် ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းခြင်းနှင့် အဆိုပါကမ်းလှမ်းချက်ကို လက်ခံခြင်းဖြစ်သည်။ ပဋိညာဉ်တွင် ကုန်စည်ကို ချက်ချင်း လက်ရောက်ပေးအပ်ရန်ဖြစ်စေ၊ တန်ဖိုးကို ချက်ချင်းပေးချေရန်ဖြစ်စေ၊ ၄င်းနှစ်ရပ်လုံးကို ပြုလုပ်ရန်ဖြစ်စေ၊ လက်ရောက်ပေးအပ်ရန် သို့မဟုတ် အရစ်ကျပေးချေရန်ဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ၊ ပြုလုပ်ခြင်းမှ ရွှေ့ဆိုင်းရန်ဖြစ်စေ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်၏ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အရောင်း ပဋိညာဉ် တစ်ရပ်ကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို စာဖြင့် ရေးသားပြီး တစ်စိတ်တစ်ပိုင်းကို နှုတ်ဖြင့်ဖြစ်စေ၊ သို့မဟုတ် ရောင်းချသူ၊ ဝယ်ယူသူတို့၏ အပြုအမူကို အထောက်အထားပြု၍ဖြစ်စေ ပြုလုပ်ခွင့်ရှိသည်။

**ပဋိညာဉ်၏အကြောင်းကိစ္စရပ်**

**လက်ရှိ သို့မဟုတ် အနာဂတ်ကုန်စည်။**

၆။ (၁) အရောင်းပဋိညာဉ်၏ အကြောင်းကိစ္စဖြစ်သော ကုန်စည်သည် ရောင်းချသူ ပိုင်ဆိုင်သော သို့မဟုတ် လက်ဝယ်ထားရှိသော လက်ရှိကုန်စည်သော်လည်းကောင်း၊ အနာဂတ်ကုန်စည်သော်လည်းကောင်းဖြစ်နိုင်သည်။

(၂) ရောင်းချသူအနေဖြင့် ပစ္စည်းနှင့်စပ်လျဉ်း၍ ရရှိနိုင်မည့် သို့မဟုတ် ရရှိခြင်း မရှိနိုင်မည့် အခြေအနေ အပေါ်မူတည်၍ အရောင်းပဋိညာဉ် တစ်ရပ်ပြုလုပ် နိုင်သည်။

(၃) အရောင်းပဋိညာဉ်တစ်ရပ်ဖြင့် ရောင်းချသူက အနာဂတ်ကုန်စည်ကို မျက်မှောက် တွင် ရောင်းချရန် ရည်ရွယ်သည့်အချက်တွင် ထိုပဋိညာဉ်မှာ ကုန်စည်ကို ရောင်းချရန် သဘောတူဘိသကဲ့သို့ အကျိုးသက် ရောက်စေရမည်။

**ပဋိညာဉ်မပြုလုပ်မီပျက်စီးသွားသည့်ကုန်စည်**

၇။ သီးခြား ကုန်စည်၏ အရောင်းပဋိညာဉ်တစ်ရပ်ပြုလုပ်ချိန်၌ ကုန်စည်သည် ရောင်းချသူ မသိရှိဘဲ ပျက်စီးနေသည် သို့မဟုတ် ပဋိညာဉ်တွင် ဖော်ပြချက်နှင့် ကိုက်ညီမှု မရှိတော့ဘဲ ထိခိုက် ပျက်စီးသွား သည့် အခြေအနေပေါ်ပေါက်ပါက ပဋိညာဉ် ပျက်ပြယ်သည်။

**ရောင်းချရန်သဘောတူပြီးနောက် ရောင်းချခြင်းမပြုမီပျက်စီးသွားသည့်ကုန်စည်။**

၈။ သီးခြားကုန်စည်ကို ရောင်းချရန် သဘောတူညီချက်တစ်ရပ်ရှိရာတွင် ကုန်စည်သည် နောက်ဆက်ဖြစ်ပေါ်လာသော ဝယ်ယူသူအပေါ်သို့ အန္တရာယ်မကျရောက်မီ ရောင်းချသူ သို့မဟုတ် ဝယ်ယူသူ၏ ချို့ယွင်းချက်တစ်စုံတစ်ရာကြောင့် မဟုတ်ဘဲ ပျက်စီးသွားလျှင်ဖြစ်စေ၊ သဘောတူညီချက်တွင် ဖော်ပြထားသည့် ဖော်ပြ ထားချက်များနှင့် ကိုက်ညီမှု မရှိလောက်အောင် ပျက်စီးသွားလျှင်ဖြစ်စေ၊ ဆုံးရှုံးသွားလျှင်ဖြစ်စေ အဆိုပါ သဘောတူညီချက်သည် ထိုသို့ဖြင့် ပျက်ပြယ် စေရမည်။

**တန်ဖိုး**

**တန်ဖိုးကို ခိုင်မာစွာအတည်ပြုခြင်း။**

၉။ (၁) အရောင်းပဋိညာဉ်ပါ တန်ဖိုးကို ပဋိညာဉ်အရ သတ်မှတ်ခွင့်ရှိသည်၊ သို့မဟုတ် ၄င်းပဋိညာဉ်အရ သဘောတူသည့်နည်းလမ်းအတိုင်း သတ်မှတ်ရန် ချန်လုပ် ထားခွင့်ရှိသည်၊ သို့မဟုတ် ရောင်းချသူ၊ ဝယ်ယူသူအချင်းချင်း အရောင်း အဝယ်ပြုလုပ်ကြစဉ် တန်ဖိုးဖြတ်နိုင်သည်။

(၂) အထက်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့်အညီ တန်ဖိုးဖြတ်ခြင်းမပြုလျှင် ဝယ်ယူသူက ရောင်းချသူသို့ သင့်လျော်သည့်တန်ဖိုးကို ပေးချေရမည်။ သင့်လျော်သည့်တန်ဖိုးမှာ မည်၍မည်မျှ ဖြစ်သနည်းဆိုသည့် အကြောင်းခြင်းရာ ပြဿနာပေါ်ပေါက်လျှင် ကိစ္စ တစ်ရပ်ချင်း၏ အကြောင်းခြင်းရာအပေါ်အခြေခံ၍ ဆင်ခြင်သုံးသပ် ဆုံးဖြတ်ရမည်။

**ဖြတ်သည့်တန်ဖိုးအတိုင်း ရောင်းချရန်သဘောတူညီချက်။**

၁၀။ (၁) အခြားသူက ဖြတ်သည့်တန်ဖိုးအတိုင်း တန်ဖိုးသတ်မှတ်ရမည်ဆိုသည့် စည်းကမ်း ချက်အရ ကုန်စည်ရောင်းချရန် သဘောတူသည့်ကိစ္စတွင် အဆိုပါ အခြားသူက တန်ဖိုးမဖြတ်နိုင်လျှင်သော်လည်း ကောင်း၊ တန်ဖိုးမဖြတ်လျှင် သော်လည်းကောင်း အဆိုပါသဘောတူညီချက်မှာ ပျက်ပြယ်သည်။သို့ရာ တွင် ကုန်စည်ကိုဖြစ်စေ၊ ကုန်စည်၏ အစိတ်အပိုင်းကိုဖြစ်စေ ဝယ်ယူသူသို့ လက်ရောက်ပေးအပ်ပြီး နောက် ဝယ်ယူသူက အသုံးပြုပြီးဖြစ်လျှင် ဝယ်ယူသူသည် ကုန်စည် အတွက် သင့်လျော်သည့် တန်ဖိုးကို ပေးချေရမည်။

(၂) ရောင်းချသူ သို့မဟုတ် ဝယ်ယူသူ၏ ချို့ယွင်းချက်ကြောင့် အဆိုပါ အခြားသူက တန်ဖိုးဖြတ်ခြင်း မပြုနိုင်သည့်ကိစ္စတွင် ချို့ယွင်းချက်မရှိသူက ချို့ယွင်းချက်ရှိသူအား နစ်နာဆုံးရှုံးမှုအတွက် တရားစွဲဆိုခွင့်ရှိသည်။

**စည်းကမ်းချက်များနှင့် အာမခံချက်များ**

**အချိန်ကာလနှင့်စပ်လျဉ်း၍သတ်မှတ်ချက်များ။**

၁၁။ ပဋိညာဉ်ပါ စည်းကမ်းချက်များ၌ ဆန့်ကျင်ကွဲလွဲသည့် ရည်ရွယ်ချက်ပေါ်ပေါက်ခြင်း မရှိလျှင် ပေးချေရန်အချိန်ကာလနှင့် သက်ဆိုင်သည့် စည်းကမ်း သတ်မှတ်ချက် များသည် အရောင်းပဋိညာဉ် တစ်ရပ်၏ အဓိကအချက်များ ဖြစ်သည်ဟု မှတ်ယူခြင်း မပြုရ။ အချိန်ကာလနှင့် စပ်လျဉ်းသည့် အခြား စည်းကမ်း သတ်မှတ်ချက် တစ်စုံတစ်ရာသည် ပဋိညာဉ်၏အဓိကအချက် ဟုတ်မဟုတ် ဆိုခြင်းမှာ ပဋိညာဉ်၏ စည်းကမ်းချက်များအပေါ်၌ မူတည်သည်။

**စည်းကမ်းချက်နှင့်အာမခံချက်။**

၁၂။ (၁) အရောင်းပဋိညာဉ်တစ်ရပ်၏ အဓိကအကြောင်းရင်းဖြစ်သော ကုန်စည်ကို ရည်ညွှန်းသည့် စည်းကမ်းချက် တစ်ရပ်သည် စည်ကမ်းချက်တစ်ရပ် သို့မဟုတ် အာမခံချက်တစ်ရပ် ဖြစ်နိုင်သည်။

(၂) စည်းကမ်းချက်တစ်ရပ်သည် ပဋိညာဉ်၏ အဓိကရည်ရွယ်ချက်တွင် မရှိမဖြစ် အရေးပါသော စည်းကမ်းသတ်မှတ်ချက်တစ်ရပ်ဖြစ်ပြီး ယင်းအချက်ကို ဖောက်ဖျက်လျှင် ပဋိညာဉ်ကို ငြင်းဆိုနိုင်သော အခွင့်အရေးတစ်ရပ် ပေါ်ပေါက် လာစေသည်။

(၃) အာမခံချက်တစ်ရပ်သည် ပဋိညာဉ်၏အဓိကရည်ရွယ်ချက်နှင့် တစ်ဆက် တစ်စပ်တည်း ဖြစ်သည့် စည်းကမ်းသတ်မှတ်ချက်တစ်ရပ်ဖြစ်သည်။ ယင်းအချက် ကို ဖောက်ဖျက်လျှင် နစ်နာကြေးရလိုကြောင်း စွဲဆိုပိုင်ခွင့်ပေါ်ပေါက်သည်။ သို့သော် ကုန်စည်ကို ငြင်းဆို ပိုင်ခွင့်နှင့်ပဋိညာဉ်ကို လိုက်နာရန် ငြင်းဆို နိုင်သည့် အခွင့်အရေး မပေါ်ပေါက်ပေ။

(၄) အရောင်းပဋိညာဉ်တစ်ရပ်၏ သတ်မှတ်ချက် တစ်ရပ်မှာ စည်းကမ်းချက်တစ်ရပ် ဖြစ်သည် သို့မဟုတ် အာမခံချက်တစ်ရပ် ဖြစ်သည်ဆိုခြင်းသည် တစ်မှုချင်း အလိုက် ပဋိညာဉ်တည်ဆောက်ပုံ အပေါ်၌ မူတည်သည်။ သတ်မှတ်ချက် တစ်ရပ်ကို ပဋိညာဉ်၌ အာမခံချက်ဟုဖော်ပြလင့်ကစား ယင်းအချက်မှာ စည်းကမ်းချက်လည်း ဖြစ်နိုင်သည်။

**စည်းကမ်းချက်ကို မည်သည့်အခါအာမခံချက်ဟု သတ်မှတ်နိုင်ခြင်း။**

၁၃။ (၁) အရောင်းပဋိညာဉ်တစ်ရပ်တွင် ရောင်းချသူကလိုက်နာရန် စည်းကမ်းချက်ထား၍ ဆောင်ရွက် ရမည့်အချက်တွင် ဝယ်ယူသူအနေဖြင့် ၎င်းစည်းကမ်းချက်ကို စွန့်လွှတ်ခြင်း သို့မဟုတ် စည်းကမ်းချက် ဖောက်ဖျက်ခြင်းကို အာမခံချက် ဖောက်ဖျက်သည့် အနေအထားဖြင့် သတ်မှတ်ဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် ဤအချက်သည် ပဋိညာဉ်ကို လိုက်နာရန်ငြင်းဆိုပြီးဖြစ်သည်ဟု မှတ်ယူနိုင်သည့် အချက် မဖြစ်စေရ။

(၂) အရောင်းပဋိညာဉ်တစ်ရပ်မှာ ကုန်စည်နှင့်စပ်လျဉ်း၍ ပဋိညာဉ်ကိုခွဲခြားခြင်း မပြုနိုင်သည့် ပဋိညာဉ် ဖြစ်ပြီး ဝယ်သူအနေဖြင့် ကုန်စည်အားလုံးကို သော် လည်းကောင်း၊ တစ်စိတ် တစ်ဒေသကို သော်လည်း ကောင်း လက်ခံပြီးဖြစ်လျှင် သို့မဟုတ် သေချာစွာ တိုက်ဆိုင် ပြောဆိုပြီးဖြစ်သည့် ကုန်စည်ကို ဝယ်ယူ သူက ရရှိပြီးဖြစ်သည့်အချက်တွင် ရောင်းချသူက ဆောင်ရွက်ရမည့် စည်းကမ်းချက် တစ်ရပ်ရပ် ကို ဖောက်ဖျက်လျှင် ယင်းအချက်သည် အာမခံချက်ကို ဖောက်ဖျက် သည်ဟုသာ မှတ်ယူရန်ဖြစ်ပြီး ယင်းအချက်နှင့်စပ်လျဉ်း၍ ပဋိညာဉ်၌ အတိ အလင်းဖြစ်စေ၊ သဘောသက်ရောက်မှုဖြင့်ဖြစ်စေ ဖော်ပြ ထားခြင်း မရှိလျှင် ကုန်စည်အား ငြင်းပယ်ရန် မဟုတ်သည့်အပြင် ပဋိညာဉ်အား ငြင်းပယ်ပြီး ဖြစ်သည် ဟု မှတ်ယူရန် အကြောင်း မဟုတ်ပေ။

(၃) ဤပုဒ်မပါမည်သည့်အချက်ကမျှ လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်သည့် အကြောင်းကြောင့် သော် လည်းကောင်း၊ အခြားအကြောင်းကြောင့် သော်လည်း ကောင်း ဥပဒေအရ ခွင့်ပြုထားသည့် စည်းကမ်း ချက် သို့မဟုတ် အာမခံချက် တစ်ရပ်ရပ်ကို ထိခိုက်မှု မရှိစေရ။

**ပိုင်ဆိုင်မှုအစရှိသည်တို့နှင့်စပ်လျဉ်း၍ သဘောသက်ရောက်သောနည်းဖြင့် တာဝန်ယူမှု။**

၁၄။ အရောင်းပဋိညာဉ်တစ်ရပ်တွင် ပဋိညာဉ်၏ဝန်းကျင်အခြေအနေများအရ ပဋိညာဉ်ကို ကွဲလွဲသည့် ကြံရွယ်ချက်ရှိကြောင်း မပေါ်ပေါက်လျှင်-

(က) ရောင်းချခြင်းကိစ္စတွင် ရောင်းချသူသည် ကုန်စည်ကို ရောင်းချပိုင်ခွင့် ရှိကြောင်း၊ ရောင်းချရန် သဘောတူညီမှုတစ်ရပ်တွင် ကုန်စည်ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းချိန်၌ ရောင်းချသူသည် ရောင်းချပိုင်ခွင့် ရှိမည်ဖြစ်ကြောင်း သဘောသက်ရောက်သော စည်းကမ်းချက် တစ်ရပ်ရှိသည်။

(ခ) ဝယ်ယူသူအနေဖြင့် ကုန်စည်ကို အေးချမ်းစွာလက်ဝယ်ရရှိ ခံစားခွင့်ရှိကြောင်း သဘောသက်ရောက်သော အာမခံချက် တစ်ရပ်ရှိသည်။

(ဂ) အရောင်းပဋိညာဉ် မပြုလုပ်မီ သို့မဟုတ် ပြုလုပ်ချိန်၌ ကုန်စည်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြထားခြင်းမရှိသော သို့မဟုတ် ဝယ်ယူသူမသိရှိသော အခြားသူ တစ်ဦးကို တာဝန်တစ်စုံတစ်ရာရှိခြင်း သို့မဟုတ် ကြွေးမြီပေးဆပ်ရန် တာဝန် ရှိခြင်းတို့မှကင်းလွတ်ကြောင်း သဘောသက်ရောက်သော အာမခံ ချက် တစ်ရပ် ရှိသည်။

**အမျိုးအစားခွဲခြား၍ ရောင်းချခြင်း။**

၁၅။ ကုန်စည်အမျိုးအစား ခွဲခြား၍ ရောင်းချရန်ပြုလုပ်သည့် ကုန်စည်အရောင်း ပဋိညာဉ် တစ်ရပ်တွင် ရောင်းမည့်ကုန်စည်သည် ပြောဆိုထားသည့် အမျိုးအမည်နှင့် ကိုက်ညီရမည်ဟု သဘောသက်ရောက်သော စည်းကမ်းချက်ထားရှိရာရောက် သည်။ အကယ်၍ရောင်းချခြင်းသည် နမူနာပြ၍ လည်းကောင်း၊ အမျိုးအစားခွဲခြား ပြောဆို၍လည်းကောင်း ပြုလုပ်ခြင်းဖြစ်လျှင် ကုန်စည် အများစုမှာ ပြောဆိုထားသည့် အမျိုးအမည်နှင့် မတူညီလျှင် ၎င်းကုန်စည်သည် နမူနာပြသည့်အတိုင်း တူညီရုံမျှနှင့် ပဋိညာဉ် ၌ လုံလောက်ခြင်းမရှိပေ။

**အရည်အသွေးနှင့်ဖြစ်စေ၊ ကိုက်ညီမှုနှင့်ဖြစ်စေ သဘောသက်ရောက်သည့်စည်းကမ်းချက်။**

၁၆။ ဤအက်ဥပဒေနှင့်အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်၏ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အောက်ဖော်ပြပါ အချက်များမှတစ်ပါး အရောင်းပဋိညာဉ် တစ်ရပ်ရပ်အရ ပေးသွင်းရမည့် ကုန်စည် အတွက် ကုန်စည်အရည်အသွေးနှင့်ဖြစ်စေ၊ ကိုက်ညီမှုနှင့်ဖြစ်စေ၊ သဘောသက်ရောက်စေသည့် အာမခံချက် သို့မဟုတ် စည်းကမ်းချက် မရှိရ-

(၁) ဝယ်ယူသူအနေဖြင့် ရောင်းချသူ၏ ကျွမ်းကျင်မှုကိုဖြစ်စေ၊ အဆုံးအဖြတ်ကိုဖြစ်စေ၊ အားကိုးအားထားပြုကြောင်း ထင်ရှားစေရန်အလို့ငှာ၊ ကုန်စည်ကို မည်သည့် သီးခြား ကိစ္စအတွက် အလိုရှိကြောင်း အတိအလင်းသော်လည်းကောင်း၊ သဘော သက်ရောက် သော နည်းဖြင့်သော်လည်းကောင်း ပြောကြား သည့်အချက်တွင်၊ ထို့ပြင် ၎င်းကုန်စည်မှာ (ရောင်းချသူသည် ကုန်ချောထုတ်လုပ်သူ သို့မဟုတ် ကုန်ထုတ် လုပ်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) ရောင်းချသူက အလုပ်လုပ်ကိုင်ရာတွင် ပေးသွင်းရမည့် ကုန်စည် အမျိုးအစားဖြစ်လျှင် ၎င်းကုန်စည်သည် ဆိုခဲ့သည့်ကိစ္စရပ်အတွက် ကျိုးကြောင်း ဆီလျော်စွာ ကိုက်ညီမှုရှိစေရမည်ဟု သွယ်ဝိုက်သောနည်းဖြင့် စည်းကမ်းချက် ပြုရာ ရောက်သည်။

သို့ရာတွင် တီထွင်မှု မူပိုင်ခွင့်အရသော်လည်းကောင်း၊ အခြားကုန်ပစ္စည်းအမည်ဖြင့်သော် လည်းကောင်း၊ သီးခြား ပစ္စည်းတစ်ရပ်ကို အရောင်းပဋိညာဉ်တစ်ရပ်တွင် သီးခြားကိစ္စတစ်စုံ တစ်ရာအတွက် ကိုက်ညီမှုနှင့် စပ်လျဉ်း၍ သဘောသက်ရောက်သောနည်းဖြင့် စည်းကမ်းချက် ပြုရာ မရောက်ပေ။

(၂) ကုန်စည်ကို အမျိုးအစားခွဲခြား၍ ရောင်းချသူထံမှ ဝယ်ယူရာတွင် (ရောင်းချသူသည် ကုန်ချောထုတ်လုပ်သူ သို့မဟုတ် ကုန်ထုတ်လုပ်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) ၎င်းအနေဖြင့် ကုန်စည်ကို အမျိုးအစားခွဲခြား၍ လုပ်ကိုင် ဆောင်ရွက်နေသည့် အချက်တွင် အဆိုပါ ကုန်စည်သည် ကုန်သွယ်မှုဆိုင်ရာ အရည်အသွေးနှင့် ပြည့်စုံသည့် ကုန်စည်ဖြစ်ကြောင်း သဘောသက်ရောက်သောနည်းဖြင့် စည်းကမ်းချက်ထားရာ ရောက်သည်။

သို့ရာတွင် ဝယ်ယူသူက ကုန်စည်ကို စစ်ဆေးပြီးလျှင် ထိုစစ်ဆေးချက်အရ ကုန်စည်နှင့် စပ်လျဉ်း၍ ချို့ယွင်းချက်ရှိကြောင်း တွေ့မြင်သိရှိနိုင်သည့်အချက်တွင် ချို့ယွင်းချက်နှင့် စပ်လျဉ်း၍ သဘောသက်ရောက်သောနည်းဖြင့် စည်းကမ်းချက် ထားရှိခြင်း မရှိပေ။

(၃) သီးခြားကိစ္စတစ်ရပ်အတွက် အရည်အသွေး သို့မဟုတ် ကိုက်ညီမှုနှင့်စပ်လျဉ်း၍ သဘောသက်ရောက်သော အာမခံချက်တစ်ရပ် သို့မဟုတ် စည်းကမ်းချက် တစ်ရပ်ကို ကုန်သွယ်မှု ထုံးစံအရ ပူးတွဲထားရှိနိုင်သည်။

(၄) အတိအလင်းပြဆိုသော အာမခံချက်တစ်ရပ် သို့မဟုတ် စည်းကမ်းချက် တစ်ရပ်သည် ဤအက်ဥပဒေ၌ပါရှိသည့် သဘောသက်ရောက်သော အာမခံချက် တစ်ရပ် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ကို ယင်းနှင့်မညီညွတ်ခြင်း မရှိခဲ့လျှင် ငြင်းဆိုခြင်း မပြုနိုင်ပေ။

**နမူနာပြ၍ရောင်းချခြင်း။**

☐

**၁၇။** (၁) အရောင်းပဋိညာဉ်တစ်ရပ်တွင် နမူနာဖြင့် ရောင်းချရန် အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်မှုအရဖြစ်စေ စည်းကမ်းချက်တစ်ရပ်ပါရှိလျှင် ထိုအရောင်း ပဋိညာဉ်မှာ နမူနာဖြင့် ရောင်းချသည့် ပဋိညာဉ်တစ်ရပ်ဖြစ်သည်။

(၂) နမူနာဖြင့် ရောင်းချရမည့် အရောင်းပဋိညာဉ်တစ်ရပ်တွင် အောက်ပါ သဘော သက်ရောက်သော စည်းကမ်းချက်တစ်ရပ်ပါရှိသည်-

(က) ကုန်စည်အများစုသည်နမူနာ၏အရည်အသွေးနှင့် ကိုက်ညီရမည်။

(ခ) ဝယ်ယူသူသည် ကုန်စည်အများစုကို နမူနာနှင့် တိုက်ဆိုင်ကြည့်ရှုရန် ကျိုးကြောင်း ဆီလျော်သည့် အခွင့်အရေး ရှိစေရမည်။

(ဂ) ကုန်စည်သည် နမူနာကို ထိုက်သင့်အားလျော်စွာ ကြည့်ရှုစစ်ဆေးခြင်းဖြင့် မသိရှိနိုင်သော ကုန်စည်ကို ရောင်းချ၍ မရနိုင်အောင်ဖြစ်သည့် ချို့ယွင်းချက် တစ်စုံတစ်ရာရှိခြင်းမှ ကင်းလွတ်ရမည်။

## အခန်း ၃

## ပဋိညာဉ်၏အကျိုးသက်ရောက်မှုများ

### ရောင်းချသူနှင့် ဝယ်ယူသူအချင်းချင်း ပစ္စည်းပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်း

**ကုန်စည်ကိုအသေအချာသတ်မှတ်ခြင်း။**

☐

၁၈။ အသေအချာသတ်မှတ်ခြင်း မပြုရသေးသော ကုန်စည်ကို အရောင်းပဋိညာဉ်တစ်ရပ် ပြုရာတွင် ကုန်စည်ကို အသေအချာသတ်မှတ်ခြင်း မပြုရသေးမီအတွင်း ဝယ်ယူသူထံသို့ ယင်းပစ္စည်းပိုင်ဆိုင်ခွင့် လွှဲပြောင်းသည်မဟုတ်။

**လွှဲအပ်ရန် ကြံရွယ်ချိန်၌ ပစ္စည်းပိုင်ဆိုင်ခွင့်လွှဲအပ်ရာရောက်ခြင်း။**

၁၉။ (၁) သီးခြား သို့မဟုတ် သေချာစွာသတ်မှတ်ရွေးချယ်ပြီးသည့် ကုန်စည်ကို အရောင်း ပဋိညာဉ်ပြုရာတွင် ပဋိညာဉ်တွင်ပါဝင်သူများက လွှဲပြောင်းရန် ကြံရွယ်သည့် အချိန်၌ ဝယ်ယူသူထံသို့ ယင်းပစ္စည်းပိုင် ဆိုင်ခွင့်လွှဲပြောင်း ရာရောက်သည်။

(၂) ပဋိညာဉ်တွင် ပါဝင်သူများ၏ ကြံရွယ်ချက်ကို အသေအချာသိရှိနိုင်ရန် ပဋိညာဉ်ပါ စည်းကမ်းချက်များ၊ ပဋိညာဉ်တွင် ပါဝင်သူများ၏ အပြုအမူနှင့် အမှု၏ ဝန်းကျင် အကြောင်းခြင်းရာများကို အထောက် အထားပြုရမည်။

(၃) ဆန့်ကျင်ကွဲလွဲသည့် ကြံရွယ်ချက် တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိလျှင် ပုဒ်မ ၂၀ မှ ၂၄ အထိပါ ပြဋ္ဌာန်းချက်များသည် ဝယ်ယူသူထံသို့ ပစ္စည်းပိုင်ဆိုင်ခွင့် လွှဲအပ်သည့် အချိန်တွင် ပဋိညာဉ်တွင် ပါဝင်သူများ၏ ကြံရွယ်ချက်ကိုလည်း အသေအချာသိရှိအောင် ပြုလုပ်သည့် ပြဋ္ဌာန်းချက်များဖြစ်သည်။

**လက်ရောက်ပေးအပ်နိုင်သော အခြေအနေသို့ ရောက်ရှိနေသော သီးခြားသတ်မှတ်ထားသည့် ကုန်စည်။**

၂၀။ လက်ရောက်ပေးအပ်ရန် အခြေအနေ၌ရောက်ရှိနေသော သီးခြား သတ်မှတ်ထားသည့် ကုန်စည်ကို စည်းကမ်းချက်မထားသော အရောင်းပဋိညာဉ် တစ်ရပ်ပြုရာတွင် ကုန်စည်တန်ဖိုးပေးချေရန်အချိန် သို့မ ဟုတ် ကုန်စည်ကို လက်ရောက်ပေးအပ်ရန် အချိန် သို့မဟုတ် ယင်းအချိန်နှစ်ရပ်လုံးကို ရွှေ့ဆိုင်းသည် ဖြစ်စေ၊ မရွှေ့ဆိုင်းသည် ဖြစ်စေ အဓိကမကျဘဲ ပဋိညာဉ်ပြုသည့်အခါ၌ ဝယ်ယူသူသို့ ကုန်စည်ပိုင်ဆိုင်ခွင့် ပြောင်းသွားသည်။

**သီးခြားသတ်မှတ်ထားသည့် ကုန်စည်ကို လက်ရောက်ပေးအပ်နိုင်သော အခြေအနေသို့ရောက်ရှိအောင်ထားရခြင်း။**

၂၁။ သီးခြားသတ်မှတ်ထားသည့် ကုန်စည်ကို အရောင်းပဋိညာဉ်တစ်ရပ်ပြုရာတွင်၊ ရောင်းချသူက ယင်းကုန်စည်ကို လက်ရောက်ပေးအပ်နိုင်သော အခြေအနေသို့ ရောက်ရှိစေရန် အဆိုပါကုန်စည်ကို တစ်စုံ တစ်ရာပြုလုပ်ရန် တာဝန်ရှိသည့်ကိစ္စ၌ အဆိုပါတစ်စုံတစ်ရာကိုပြုလုပ်၍ ပြီးစီးကြောင်းကို ဝယ်ယူသူက မသိသေးသမျှ ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံသို့ ပြောင်းရာရောက်သည်မဟုတ်။

**တန်ဖိုးသေချာမှုရှိစေရန် ရောင်းချသူက တစ်စုံတစ်ရာပြုလုပ်ရန်ရှိသည့်အခါ သီးခြားသတ်မှတ်ထားသည့် ကုန်စည်လက်ရောက်ပေးအပ်ရန် အခြေအနေ၌ရှိခြင်း။**

၂၂။ လက်ရောက်ပေးအပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေသော သီးခြား သတ်မှတ် ထားသည့် ကုန်စည်ကို အရောင်းပဋိညာဉ်တစ်ရပ်ရှိသော်လည်း ရောင်းချသူက တန်ဖိုးကို အသေအချာသိရှိစေရန် အလို့ငှာ ယင်းကုန်စည်ကို ချိန်တွယ်ခြင်း၊ တိုင်းတာခြင်း၊ စမ်းသပ်ခြင်း၊

သို့မဟုတ် ယင်းကုန်စည်နှင့် စပ်လျဉ်း၍ အခြား ဆောင်ရွက်မှုအချို့ကိုပြုရန် တာဝန်ရှိသောကိစ္စ၌ အဆိုပါ ဆောင်ရွက်မှု တစ်ခုကို ဖြစ်စေ၊ တစ်စုံတစ်ရာကိုဖြစ်စေ ပြုလုပ်ပြီးဖြစ်၍ ဝယ်ယူသူကလည်းထိုသို့ ပြုလုပ် ပြီးစီးကြောင်းကို မသိရှိရသေးသမျှ ပစ္စည်းပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံသို့ လွှဲအပ်ခြင်းမရှိစေရ။

**အသေအချာမသတ်မှတ်ရသေးသောကုန်စည်ကိုရောင်းချခြင်းနှင့်သီးခြားအသုံးပြုခြင်း။**

☐

၂၃။ (၁) အသေအချာ သတ်မှတ်ခြင်းမပြုနိုင်သော ကုန်စည်ကိုဖြစ်စေ၊ အနာဂတ် ကုန်စည်ကိုဖြစ်စေ အမျိုးအစားခွဲခြားပြောဆို၍ အရောင်းပဋိညာဉ်တွင် ဝယ်ယူသူ၏ ခွင့်ပြုချက်ဖြင့် ရောင်းချသူကဖြစ်စေ၊ ရောင်းချသူ၏ ခွင့်ပြုချက်ဖြင့် ဝယ်ယူသူကဖြစ်စေ အမျိုးအစားခွဲခြားဖော်ပြသည့်အခြေအနေသို့ ရောက်ပြီးဖြစ်သည့်ပြင် လက်ရောက် ပေးအပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေသော ကုန်စည်ကို စည်းကမ်းချက်မထားဘဲ ပဋိညာဉ်အလို့ငှာ သီးခြားအသုံးပြုရာတွင် ကုန်စည်ပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံသို့ လွှဲအပ်ပြီးဖြစ်သည်။ ယင်းသဘောတူညီချက်ကို အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်သည့်နည်းဖြင့်ဖြစ်စေ ပြုလုပ်နိုင်ပြီး ယင်းကို သီးခြားအသုံးမပြုမီဖြစ်စေ၊ အသုံးပြုပြီးနောက်မှဖြစ်စေ ပေးအပ်နိုင်သည်။

**သယ်ဆောင်သူသို့လက်ရောက်ပေးခြင်း။**

(၂) ပဋိညာဉ်နှင့်အညီ ရောင်းချသူက ဝယ်ယူသူသို့ဖြစ်စေ၊ ဝယ်ယူသူထံပို့ရန် သယ်ဆောင်သူသို့ဖြစ်စေ၊ အခြားယုံမှတ်အပ်နှံခံရသူသို့ဖြစ်စေ၊ (ဝယ်ယူသူက အမည် ထုတ်ဖော်ပြောဆို၍ဖြစ်စေ၊ ထုတ်ဖော်ပြောဆို ခြင်းမရှိဘဲဖြစ်စေ) လက်ရောက် ပေးအပ်ပြီး ကုန်စည်နှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲပိုင်ခွင့်ကို ရောင်းချသူ က ခြွင်းချန် မထားဘဲ ဝယ်ယူသူသို့ ပေးအပ်လျှင် ကုန်စည်ကို စည်းကမ်းချက်မထားဘဲ ပဋိညာဉ်အတွက် သီးခြားအသုံး ပြုသူဟု မှတ်ယူရမည်။

**သဘောတူညီမှု သို့မဟုတ် "ရောင်းချရန် သို့မဟုတ် ပြန်ပို့ရန်" ကုန်စည်တင်ပို့ခြင်း။**

☐

၂၄။ ကုန်စည်ကို သဘောတူညီမှသာ ဝယ်ယူရန်ဖြစ်စေ၊ "ရောင်းချရန် သို့မဟုတ် ပြန်ပို့ရန်" ဖြစ်စေ အခြားအလားတူ စည်းကမ်းချက်များဖြင့် ဝယ်ယူသူသို့ ကုန်စည်ကို လက်ရောက် ပေးအပ်သည့်အခါ ကုန်စည် ပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံသို့ လွှဲအပ်ရာ ရောက်သည်-

(က) ဝယ်ယူသူက အရောင်းအဝယ်ကို မိမိအတည်ပြုကြောင်းကိုဖြစ်စေ၊ လက်ခံကြောင်း ကိုဖြစ်စေ ရောင်းချသူသို့ သိသာစေသည့်အခါတွင်သော်လည်းကောင်း၊ အသိအမှတ်ပြုကြောင်းအခြားနည်းတစ်စုံ တစ်ရာကို ပြုလုပ်သည့်အခါတွင်သော် လည်းကောင်း၊

(ခ) ဝယ်ယူသူကအတည်ပြုကြောင်း၊ သို့မဟုတ် လက်ခံကြောင်း သိသာစေခြင်းမရှိသော်လည်း ရောင်းချသူသို့ ကုန်စည်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပေးပို့ခြင်း မရှိဘဲ ကုန်စည်ကို လက်ခံထားလျှင်၊ ထို့ပြင်အဆိုပါ ကုန်စည်ကို ပြန်ပို့ရန်အချိန်သတ်မှတ်ပြီး ယင်းအချိန်ကုန်ဆုံးသောအခါ၌သော်လည်း ကောင်း၊ အချိန်သတ်မှတ်ချိန်းဆိုပြီး မဟုတ်လျှင် သင့်လျော်သည့်အချိန် ကုန်ဆုံးသည့်အခါ၌ သော် လည်းကောင်း၊

**စီမံခန့်ခွဲပိုင်ခွင့်ကို ခြွင်းချန်ထားခြင်း။**

☐

၂၅။ (၁) သီးခြားသတ်မှတ်ထားသည့် ကုန်စည်ကို အရောင်းပဋိညာဉ်တစ်ရပ်ပြုရာတွင် လည်းကောင်း၊ပဋိညာဉ်ချုပ်ဆိုပြီးနောက်မှ ကုန်စည်ကို သီးသန့်ခွဲခြားလျာထားမှု ပြုရာတွင်လည်းကောင်း၊ တစ်စုံတစ်ရာသော စည်းကမ်းချက်များဖြင့်ဖြစ်စေ၊ ကုန်စည်ကို သီးသန့်ခွဲခြားလျာထားခြင်းဖြင့်ဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ပြီးသည့်အချိန်ထိ ရောင်းချသူက ကုန်စည်စီမံခန့်ခွဲပိုင်ခွင့်ကို ပဋိညာဉ် သို့မဟုတ် သီးခြားအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များအရ ခြွင်းချန်ထားနိုင်သည်။ ယင်းကိစ္စရပ်မျိုးတွင် ဝယ်ယူ သူသို့ ကုန်စည်ကို လက်ရောက်ပေးအပ်စေကာမူ ဝယ်ယူသူသို့ဖြစ်စေ၊ သယ်ဆောင် သူသို့ဖြစ်စေ၊ အခြားယုံမှတ်အပ်နှံခံရသူသို့ဖြစ်စေ ကုန်စည်ကိုလက်ရောက်ပေးအပ် စေကာမူ ရောင်းချသူက သတ်မှတ်သော စည်းကမ်းချက်များကို ပြီးစီးအောင် မဆောင်ရွက်သေးသမျှ ကုန်စည်ပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံသို့ လွှဲအပ်ရာ မရောက်ပေ။

(၂) ကုန်စည်ကို တင်ပို့ပြီးကုန်တင်လက်မှတ်အရ ရောင်းချသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်ဆင့်ဆိုသည့် အမိန့်စာအရ လက်ရောက်ပေးအပ်ရမည့်ကိစ္စတွင် ကုန်စည် စီမံခန့်ခွဲပိုင်ခွင့်ကို ရောင်းချသူသည် ခြွင်းချန်ထားရန်မြင်သာသောအချက် ဖြစ်သည်ဟု မှတ်ယူရမည်။

(၃) ကုန်စည်ကို ရောင်းချသူသည် ဝယ်ယူသူထံမှ ကုန်ဖိုးငွေကို ထုတ်ယူမှုအတွက် ငွေလွှဲလက်မှတ်ကို ကုန်တင်လက်မှတ်နှင့်အတူဝယ်ယူသူထံသို့ ပေးပို့ရာတွင် ငွေလွှဲ လက်မှတ်ကို လက်ခံခြင်း သို့မဟုတ် ငွေပေးချေခြင်းသေချာစေရန် ဝယ်ယူသူက ငွေလွှဲလက်မှတ်ကို လက်မခံပါက ကုန်တင်လက်မှတ်ကို ရောင်းချသူထံပြန်ပို့ရန် တာဝန်ရှိသည့်အပြင် ကုန်တင်လက်မှတ်ကို ဝယ်ယူသူက မတရားသဖြင့် ဆက်လက် ထားရှိလျှင်လည်း ကုန်စည်ပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံသို့ လွှဲအပ်ရာ မရောက်ပေ။

**ပျက်စီးဆုံးရှုံးခြင်းသည် ပစ္စည်းနှင့်အတူမြင်သာစွာကူးပြောင်းခြင်း။**

☐

၂၆။ အခြားနည်းသဘောတူညီချက်မရှိလျှင် ကုန်စည်ပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံသို့ လွှဲပြောင်းခြင်း မပြုမီအတွင်း ပျက်စီးဆုံးရှုံးခြင်းတာဝန်သည် ရောင်းချသူ အပေါ်တွင် ဆက်လက်တည်နေသည်။ သို့ရာ တွင် ယင်းပိုင်ဆိုင်ခွင့် သည် ဝယ်ယူ သူသို့ လွှဲပြောင်းသည့်အခါ ကုန်စည်ကို ဝယ်ယူသူအား လက်ရောက် ပေးအပ်ပြီး သည်ဖြစ်စေ၊ မပေးအပ်ရသေးသည်ဖြစ်စေ ပျက်စီးဆုံးရှုံးခြင်း တာဝန်သည် ဝယ်ယူသူအပေါ် တွင် ကျရောက်သည်။

သို့သော်ဝယ်ယူသူ၏ချို့ယွင်းချက်ကြောင့်ဖြစ်စေ၊ ရောင်းချသူ၏ ချို့ယွင်းချက်ကြောင့် ဖြစ်စေ ကုန်စည်လက်ရောက်ပေးအပ်ခြင်းမှာ နှောင့်နှေးကြန့်ကြာခဲ့လျှင် ယင်းသို့ နှောင့်နှေးမှု မရှိက ဆုံးရှုံးမှုပေါ်ပေါက်ရန် အကြောင်းမရှိလင့်ကစား ထိုသို့နှောင့်နှေးစွာ လက်ရောက် ပေးအပ်ခြင်းကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးခြင်း တာဝန်သည် လက်ရောက် ပေးအပ်ခြင်းကို နှောင့်နှေးကြန့်ကြာစေသူအပေါ်တွင် ကျရောက်သည်။

ထို့ပြင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ရောင်းချသူ သို့မဟုတ် ဝယ်ယူသူအပေါ် တစ်ဖက်တွင်ပါဝင်သူ၏ ကုန်စည်ကို ယုံမှတ်အပ်နှံခံရသူအဖြစ်ဖြင့် ဆောင်ရွက်ရာ၌ ကျရောက်မည့်တာဝန်ဝတ္တရားများနှင့် ပေးရန်တာဝန်များကို မထိခိုက်စေရ။

**ပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်း**

**ပိုင်ရှင်မဟုတ်သူက ရောင်းချခြင်း။**

☐

၂၇။ ဤဥပဒေနှင့်အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို အထောက် အထားပြု၍ ကုန်စည်ပိုင်ဆိုင်သူ၏ အခွင့်အာဏာ သို့မဟုတ် သဘောတူညီချက်မရှိဘဲ ပိုင်ရှင်မဟုတ်သူက အခြားသူ တစ်ဦးတစ်ယောက်အား ကုန်စည်ရောင်းချသည့်ကိစ္စတွင် ရောင်းချသူသည် ကုန်စည်ပိုင်ရှင်အနေဖြင့် ရောင်းချရန် အခွင့်အာဏာအား ငြင်းပယ်ခြင်းကို တားမြစ်ထားသည်မှတစ်ပါး ဝယ်ယူသူသည် ကုန်စည်ကို ရောင်းချသူပိုင်ဆိုင်ခွင့်ရှိသည့်အခွင့်အရေးထက်ပို၍ ရမည်မဟုတ်။

သို့ရာတွင် ကူးသန်းရောင်းဝယ်ရေးကိုယ်စားလှယ်က ကုန်စည်ပိုင်ဆိုင်ခွင့်ကိုဖြစ်စေ၊ ကုန်စည်ပိုင်ဆိုင် ခွင့် စာချုပ်စာတမ်းကိုဖြစ်စေ၊ ပိုင်ရှင်သဘောတူညီချက်ဖြင့် လက်ဝယ်ရရှိပြီး ကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ်အဖြစ် လုပ်ငန်း၏ လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက် နေစဉ်အတွင်း ကုန်စည်ရောင်း ချသည့်ကိစ္စသည် ကုန်စည်ကို ပိုင်ရှင်ကရောင်းချရန် အတိအလင်း အခွင့်အာဏာပေးဘိသကဲ့သို့ အတည် ဖြစ်သည်။ သို့သော် ရောင်းချသည့်အချိန်၌ ရောင်းချသူမှာ ရောင်းပိုင်ခွင့်မရှိကြောင်း ဝယ်ယူသူကမသိဘဲ သဘောရိုးဖြင့် ဝယ်ယူခြင်း ဖြစ်ရမည်။

**ပူးတွဲပိုင်ရှင်များအနက် တစ်ဦးကရောင်းချခြင်း။**

၂၈။ ပူးတွဲပိုင်ရှင်များ၏ ခွင့်ပြုချက်ဖြင့် ကုန်စည်ကို ပူးတွဲပိုင်ရှင်များအနက် တစ်ဦးဦးက ကုန်စည် အားလုံးကို လက်ဝယ်ရရှိပြီး ကုန်စည်ပိုင်ဆိုင်မှုကို လွှဲပြောင်းသည့် ကိစ္စတွင် အရောင်းပဋိညာဉ် ပြုချိန်၌ ရောင်းချသူတွင်ရောင်းချရန် အခွင့်အာဏာ မရှိကြောင်းကို ဝယ်ယူသူက မသိဘဲ အဆိုပါပူးတွဲပိုင်ရှင် ထံမှ သဘောရိုးဖြင့် ဝယ်ယူလျှင် ဝယ်ယူသူသည် ပစ္စည်းပိုင်ဆိုင်ခွင့်ရရှိသည်။

**ပျက်ပြယ်စေနိုင်သောပဋိညာဉ်အရကုန်စည်လက်ဝယ်ရှိသူကရောင်းချခြင်း။**

၂၉။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၉ အရဖြစ်စေ၊ ၁၉-က အရဖြစ်စေ ပျက်ပြယ်စေနိုင်သော ပဋိညာဉ်အရ ကုန်စည်ရောင်းချသူသည် လက်ဝယ်ရရှိပြီးသောကုန်စည်အား ယင်းပဋိညာဉ်ပယ်ဖျက်ခြင်းမပြုမီ ရောင်းချသည့်အချိန်၌ ဝယ်ယူသူမှာ ကုန်စည် ပိုင်ဆိုင်ခွင့်ကို ကောင်းစွာရရှိသည်။ သို့ရာတွင် ဝယ်ယူသူသည် ကုန်စည်ကို သဘောရိုးဖြင့် ဝယ်ယူခြင်းဖြစ်ရမည့်အပြင် ရောင်းချသူတွင်ရှိသော ပိုင်ဆိုင်ခွင့်ချို့ယွင်းကြောင်းကို သိရှိခြင်းလည်း မရှိစေရ။

**ရောင်းချပြီးနောက်မှရောင်းချသူသို့မဟုတ်ဝယ်ယူသူ၏လက်ဝယ်ရှိခြင်း။**

၃၀။ (၁) တစ်စုံတစ်ယောက်သောသူသည် ကုန်စည်ကိုရောင်းချပြီးနောက် ကုန်စည်ကို ဖြစ်စေ၊ ကုန်စည် ပိုင်ဆိုင်မှုစာချုပ်စာတမ်းကိုဖြစ်စေ ဆက်လက်၍ လက်ဝယ် ထားရှိပြီး ထိုသူကဖြစ်စေ၊ ထိုသူ၏ကုန် သွယ်မှုဆိုင်ရာ ကိုယ်စားလှယ်ကဖြစ်စေ အခြားသူတစ်ဦးတစ်ယောက်အား ထိုကုန်စည်ကိုလည်းကောင်း၊ ကုန်စည်ပိုင်ဆိုင်မှု စာချုပ်စာတမ်းကိုလည်းကောင်း ပေါင်နှံခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်း တစ်စုံတစ်ရာအရလက်ရောက်ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်း ပေးအပ်ခြင်းသည် ယခင်က ရောင်းချ ပြီးကြောင်း ဝယ်ယူသူက မသိရှိဘဲ သဘောရိုးဖြင့်ဝယ်လျှင် ကုန်စည်ပိုင်ရှင်၏ အတိအလင်းခွင့်ပြု ချက်ဖြင့် ဆောင်ရွက်ဘိသကဲ့သို့ ထပ်တူဖြစ်သော အကျိုးကို ရရှိသည်။

(၂) တစ်စုံတစ်ယောက်သောသူသည် ကုန်စည်ကို ဝယ်ယူပြီးဖြစ်စေ၊ ဝယ်ယူရန် သဘောတူပြီးဖြစ်စေ၊ ရောင်းချသူ၏ သဘောတူညီချက်ဖြင့် ကုန်စည် လက်ဝယ် ထားခြင်းကိုဖြစ်စေ၊ ပိုင်ဆိုင်ခွင့်ဆိုင်ရာ စာချုပ်စာတမ်းကိုဖြစ်စေ၊ လက်ဝယ်ရရှိ ပြီးနောက် ထိုသူကသော်လည်းကောင်း၊ ထိုသူ၏ ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ကသော်လည်းကောင်း အခြားသူတစ်ဦးတစ်ယောက်အား ကုန်စည် ကိုဖြစ်စေ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြားစီမံခန့်ခွဲခြင်း တစ်စုံ တစ်ရာအရ ကုန်စည်ပိုင်ဆိုင်ခွင့်ရသည့် စာချုပ်စာတမ်းကိုဖြစ်စေ ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံရာ၌ ထိုသူသည်သဘောရိုးဖြင့် လက်ခံ ရယူခြင်း ဖြစ်ရမည့်အပြင် မူလရောင်းချသူ၏ ပိုင်ဆိုင်ခွင့် သို့မဟုတ် လက်ဝယ် ထားပိုင်ခွင့်ရှိနေကြောင်းကို သိရှိခြင်းမရှိဘဲ ကုန်စည်ကို လက်ခံခြင်း ပြုသည့် အချက်တွင် မူလရောင်းချသူ၏ ပိုင်ဆိုင်ခွင့် သို့မဟုတ် ဆိုင်ရာ ဆိုင်ခွင့် မရှိဘိသကဲ့သို့ အကျိုး သက်ရောက်စေရမည်။

## အခန်း ၄

## ပဋိညာဉ်အတိုင်းဆောင်ရွက်ခြင်း

**ရောင်းချသူနှင့်ဝယ်ယူသူတို့၏တာဝန်များ။**

၃၁။ အရောင်းပဋိညာဉ်ပါ စည်းကမ်းချက်များနှင့်အညီ ကုန်စည်ကို လက်ရောက်ပေးအပ်ရန် တာဝန်သည် ရောင်းချသူ၏ တာဝန်ဖြစ်ပြီး ယင်းကုန်စည်ကို လက်ခံ၍ တန်ဖိုးငွေပေးချေရန်မှာ ဝယ်ယူသူ၏တာဝန်ဖြစ်သည်။

**တန်ဖိုးပေးချေခြင်းနှင့် ကုန်စည်ကို လက်ရောက်ပေးအပ်ခြင်းတို့သည် တစ်ပြိုင်တည်းဖြစ်ခြင်း။**

၃၂။ အခြားနည်းသဘောတူချက်မရှိလျှင် ကုန်စည်ကို လက်ရောက်ပေးအပ်ခြင်းနှင့် တန်ဖိုး ငွေပေးချေခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ရမည်။ ဆိုလိုသည်မှာ ရောင်းချသူက ဝယ်ယူသူသို့ ကုန်စည် လက် ဝယ်ရှိမှုကို တန်ဖိုးငွေဖြင့် လဲလှယ်ရန် အသင့်ရှိရမည်ဖြစ်ပြီး ယင်းသို့ လဲလှယ်ပေးလိုသော ဆန္ဒလည်း ရှိရမည်။ ဝယ်ယူသူကလည်း ကုန်စည်ပိုင်ဆိုင်မှုအတွက် ရောင်းချသူသို့ တန်ဖိုးငွေကို ပေးချေရန် အသင့်ရှိရမည့်ပြင် ယင်းသို့လဲလှယ်ပေးလိုသော ဆန္ဒလည်းရှိရမည်။

**လက်ရောက်ပေးအပ်ခြင်း။**

၃၃။ ရောင်းချပြီးကုန်စည်ကို ပဋိညာဉ်တွင် ပါဝင်သူများက လက်ရောက်ပေးအပ်ခြင်း ပြီးမြောက်ရမည် ဟူ၍ သဘောတူညီထားသည့်အတိုင်းဖြစ်စေ၊ ဝယ်ယူသူ သို့မဟုတ် ယင်း၏ကိုယ်စား သိမ်းဆည်း ထားခွင့်ရှိသူတစ်ဦးဦး၏ လက်ဝယ်တွင် ကုန်ပစ္စည်းရောက်ရှိစေခြင်းဖြင့်ဖြစ်စေ လက်ရောက်ပေးအပ်ရာ ရောက်သည်။

**အချို့အဝက်ပေးအပ်ခြင်း၏အကျိုးသက်ရောက်မှု။**

၃၄။ ကုန်စည်အားလုံးကို အဆင့်ဆင့်လက်ရောက်ပေးအပ်စဉ် ကုန်စည်တစ်စိတ်တစ်ဒေသ လက်ရောက် ပေးအပ်ခြင်းသည် ယင်းကုန်စည်ပိုင်ဆိုင်ခွင့်ကိုလွှဲရန် အလို့ငှာ ယင်းကုန်စည်အားလုံးကို တစ်ခါတည်း လက်ရောက်ပေးအပ်ခြင်းနှင့် အကျိုး ထပ်တူပင်ဖြစ်သည်။ သို့သော် ကုန်စည်အားလုံးအနက် တစ်စိတ်

တစ်ဒေသကို ခွဲထုတ်လိုသော ရည်ရွယ်ချက်ဖြင့် တစ်စိတ်တစ်ဒေသကို လက်ရောက်ပေးအပ်ခြင်းသည် ကျန်ကုန်စည်ကို လက်ရောက်ပေးအပ်ရာရောက်သည်မဟုတ်။

**ဝယ်ယူသူကကုန်စည်လက်ရောက်ပေးအပ်စေရန်တောင်းဆိုရခြင်း။**

၃၅။ ပဋိညာဉ်တွင် အတိအလင်းဖော်ပြထားသည့်အချက်မှတစ်ပါး ကုန်စည်ကို လက်ရောက် ပေးအပ်ရန် ဝယ်ယူသူက လက်ရောက်ပေးအပ်ရန် မတောင်းဆိုသမျှ အဆိုပါ ကုန်စည်ကို လက်ရောက်ပေးအပ်ရန် ရောင်းချသူတွင် တာဝန်မရှိစေရ။

**လက်ရောက်ပေးအပ်ခြင်းဆိုင်ရာနည်းလမ်းများ။**

၃၆။ (၁) ကုန်စည်ကို ဝယ်ယူသူက လက်ရှိရယူရမည် သို့မဟုတ် ရောင်းချသူက ဝယ်ယူသူထံ ပေးပို့ရမည် ဆိုခြင်းမှာ ရောင်းချသူနှင့် ဝယ်ယူသူတို့အကြား အတိအလင်း ဖြစ်စေ၊ သဘောသက်ရောက်စေခြင်း ဖြင့်ဖြစ်စေ ပဋိညာဉ်တွင် ဖော်ပြသည့်အတိုင်း ကိစ္စတစ်ခုချင်းအပေါ်မူတည်သည့် ပြဿနာတစ်ရပ် ဖြစ်သည်။ အဆိုပါ ပဋိညာဉ် မှတစ်ပါးရောင်းချပြီးသော ကုန်စည်ကို ရောင်းချချိန်က အဆိုပါကုန်စည် ရှိရာ အရပ်တွင် လက်ရောက်ပေးအပ်ရမည်။ ထို့ပြင် ရောင်းချရန် သဘောတူထားသည့် ကုန်စည်ကို ရောင်းချရန် သဘောတူချိန်က အဆိုပါ ကုန်စည်ရှိရာအရပ်တွင် သို့မဟုတ် ထိုစဉ်က အဆိုပါ ကုန်စည် မရှိသေးပါက ကုန်စည်ထုတ်လုပ်သည့်နေရာ သို့မဟုတ် ကုန်စည်ထွက်ရှိသည့်နေရာ၌ လက်ရောက် ပေးအပ်ရမည်။

(၂) အရောင်းပဋိညာဉ်အရ ရောင်းချသူသည် ဝယ်ယူသူထံသို့ ကုန်စည်ပေးပို့ရန် တာဝန်ရှိသည် ဆိုရာတွင် အဆိုပါကုန်စည်ပေးပို့ရန် အချိန်ကာလ သတ်မှတ် ထားခြင်းမရှိပါက သင့်လျော်သည့်အချိန် ကာလအတွင်း ပေးပို့ရန် ရောင်းချသူ တွင် တာဝန်ရှိသည်။

(၃) အရောင်းအဝယ်ပြုသည့်အချိန်၌ ကုန်စည်သည် အခြားသူတစ်ဦးတစ်ရောက် လက်ဝယ် ရှိနေသည့် ကိစ္စတွင် အဆိုပါအခြားသူက သူ၏ဝယ်ယူသူ၏ကိုယ်စား ကုန်စည်ကို ရရှိထားကြောင်းကို ဝယ်ယူသူသို့ ဝန်မခံသမျှ ရောင်းချသူက ဝယ်ယူသူအား လက်ရောက် ပေးအပ်ရာမရောက်။

သို့ရာတွင် ကုန်စည်ပိုင်ဆိုင်ခွင့်ဆိုင်ရာစာချုပ်စာတမ်း တစ်စုံတစ်ရာကိုထုတ်ပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆောင်ရွက်မှုကို ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထိခိုက်ခြင်း မရှိစေရ။

(၄) လက်ရောက်ပေးအပ်ရန် တောင်းဆိုမှုကိုဖြစ်စေ၊ ပေးလိုကြောင်းကိုဖြစ်စေ သင့်လျော်သည့် အချိန်နာရီအတွင်း ဆောင်ရွက်ခြင်းမပြုလျှင် အကျိုးမသက်ရောက်ဟု မှတ်ယူနိုင်သည်။ သင့်လျော်သည့် အချိန်နာရီဆိုသည်မှာ အကြောင်းခြင်းရာ ပြဿနာတစ်ရပ်ဖြစ်သည်။

(၅) အခြားနည်းသဘောတူညီချက်မရှိလျှင် ကုန်စည်ကို ပေးအပ်သင့်သည့် အခြေအနေသို့ ရောက်ရှိစေရန်ပြုလုပ်ရာတွင် ကုန်ကျသည့်စရိတ်ငွေနှင့် ယင်းသို့ ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ဆက်စပ်ကုန်ကျရသည့် စရိတ်ငွေများကို ရောင်းချသူက ကျခံရမည်။

**အရေအတွက်မှားယွင်းပေးအပ်ခြင်း။**

၃၇။ (၁) ရောင်းချရန် ပဋိညာဉ်ချုပ်ဆိုထားသည့် ကုန်စည်အရေအတွက် အောက်လျော့နည်း၍ ဝယ်သူထံသို့ ရောင်းချသူက ပေးအပ်ရာတွင် ဝယ်ယူသူက ယင်းကုန်စည်ကို လက်မခံဘဲ ငြင်းပယ်

နိုင်သည်။ သို့ရာတွင် ဝယ်ယူသူက အဆိုပါပေးအပ်သည့် ကုန်စည်ကို လက်ခံလျှင် ပဋိညာဉ်ပါနှုန်းဖြင့် ဝယ်ယူသူက တန်ဖိုးငွေ ပေးချေ ရမည်။

(၂) ရောင်းချရန် ပဋိညာဉ်ချုပ်ဆိုထားသည့် ကုန်စည်အရေအတွက်ထက်ပို၍ ဝယ်ယူသူထံသို့ ရောင်းချသူက ပေးအပ်ရာတွင် ဝယ်ယူသူက ပဋိညာဉ်ပါ ကုန်စည်ကိုလက်ခံပြီး ကျန်ကုန်စည်ကို လက်မခံဘဲ ငြင်းပယ်ခြင်းဖြစ်စေ၊ ကုန်စည်အားလုံးကို လက်မခံဘဲ ငြင်းပယ်ခြင်းဖြစ်စေ ပြုနိုင်သည်။ ဝယ်ယူသူက အဆိုပါပေးအပ်သည့် ကုန်စည်အားလုံးကို လက်ခံလျှင် ပဋိညာဉ်ပါနှုန်းဖြင့် ဝယ်ယူသူက တန်ဖိုးငွေ ပေးချေရမည်။

(၃) ရောင်းချရန် ပဋိညာဉ်ချုပ်ဆိုထားသည့် ကုန်စည်ကို ပဋိညာဉ်တွင် မပါဝင်သော အခြားကုန်စည်နှင့်ရောနှော၍ ဝယ်ယူသူထံသို့ ရောင်းချသူကလက်ရောက် ပေးအပ်ရာတွင် ဝယ်ယူသူက ပဋိညာဉ်နှင့် အညီဖြစ်သော ကုန်စည်ကိုလက်ခံပြီး ကျန်ကုန်စည်များကို လက်မခံဘဲငြင်းပယ်ခြင်းဖြစ်စေ၊ ကုန်စည်အားလုံးကို လက်မခံဘဲ ငြင်းပယ်ခြင်းဖြစ်စေ ပြုနိုင်သည်။

(၄) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ကုန်သွယ်မှုထုံးတမ်း၊ အထူးသဘောတူညီချက် သို့မဟုတ် ပဋိညာဉ်တွင် ပါဝင်သူများအကြား လုပ်ငန်းဆောင်ရွက်ခြင်းကို မဆန့်ကျင် စေရ။

**အရစ်ကျပေးအပ်ခြင်းများ။**

၃၈။ (၁) အခြားနည်း သဘောတူညီချက်မရှိလျှင် ကုန်စည်ဝယ်ယူသူတွင် ကုန်စည် အရစ်ကျပေးအပ်ခြင်းကို လက်ခံရန် တာဝန်မရှိစေရ။

(၂) အရစ်ကျဖြင့် တန်ဖိုးငွေသီးခြားပေးချေပါမည်ဟု ဖော်ပြကာပေးအပ်မည့် ကုန်စည် လက်ရောက်ပေးအပ်ရေးအတွက် ပဋိညာဉ်တစ်ခုရှိရာတွင် ရောင်းချသူက လက်ရောက်မပေးအပ်ခြင်း သို့မဟုတ် တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်ထက်ပို၍ အရစ်ကျပေးအပ်ရန် ပျက်ကွက်ခြင်း၊ ဝယ်သူယူကပေးအပ်သည့် ကုန်စည်ကို လျစ်လျူရှု၍ လက်ခံရန် ငြင်းပယ်ခြင်း သို့မဟုတ် တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်ထက်ပို၍ အရစ်ကျပေးချေရန် ငြင်းပယ်ခြင်းတို့ဖြင့် ပဋိညာဉ်ကို ဖောက်ဖျက်ခြင်းသည် ပဋိညာဉ်တစ်ရပ်လုံးကို ငြင်းဆန်ခြင်း ဖြစ်သည် မဖြစ်သည် သို့မဟုတ် လျော်ကြေး တောင်းဆိုပိုင်ခွင့်ကို ပေါ်ပေါက်စေသည့် အကြိမ်ကြိမ် ဖောက်ဖျက်မှု တစ်ရပ် ဖြစ်သည် မဖြစ်သည် ဆိုသည့်ကိစ္စမှာ ပဋိညာဉ်ပါ စည်းကမ်းချက်များနှင့် အမှုကိစ္စ၏ ပြဿနာများဖြစ်ကြသည်။ သို့ရာတွင် ပဋိညာဉ်တစ်ရပ်လုံးကို ငြင်းပယ်ပိုင်ခွင့်မရှိစေရ။

**သယ်ဆောင်သူ သို့မဟုတ် ဆိပ်ခံတံတားပိုင်ရှင်သို့ပေးအပ်ခြင်း။**

၃၉။ (၁) အရောင်းပဋိညာဉ်ကို ဆောင်ရွက်စဉ်အတောအတွင်း ရောင်းချသူသည် အခွင့် အမိန့်အရ သို့မဟုတ် လိုအပ်ချက်အရ ဝယ်ယူသူထံသို့ ကုန်စည်ကို ပေးပို့ရာတွင် ဝယ်ယူသူကဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ ယင်းကုန်စည်ကို ဝယ်ယူသူ ထံသို့ ပေးပို့ရေးအတွက် သယ်ဆောင်သူသို့ပေးအပ် ခြင်း သို့မဟုတ် ဆိပ်ခံတံတား ပိုင်ရှင်ကိုစောင့်ရှောက်ရန် ပေးအပ်ခြင်းသည် ယင်းကုန်စည်အား ဝယ်ယူသူသို့ ပေးအပ်သည်ဟု မြင်သာစေရမည်။

(၂) ဝယ်ယူသူက အခြားနည်းအခွင့်အာဏာပေးထားပြီး မဟုတ်လျှင် ရောင်းချသူသည် ကုန်စည်၏ သဘောသဘာဝနှင့် အမှု၏ ဝန်းကျင်အကြောင်းခြင်းရာ အရပ်ရပ်တို့ အပေါ်မူတည်၍ ဝယ်ယူသူ

ကိုယ်စားသယ်ဆောင်သူဖြင့်ဖြစ်စေ၊ ဆိပ်ခံတံတား ပိုင်ရှင်ဖြင့် ဖြစ်စေ သင့်လျော်သော ပဋိညာဉ်ကို ချုပ်ဆိုရမည်။ ရောင်းချသူက ယင်းသို့သော ပဋိညာဉ်မျိုးချုပ်ဆိုခြင်း မရှိသဖြင့် လွှဲပြောင်းစဉ်တွင် ဖြစ်စေ၊ ဆိပ်ခံတံတားပိုင်ရှင်ထံ ထိန်းသိမ်းထားစဉ်တွင်ဖြစ်စေ ကုန်စည်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်း ဖြစ်လျှင်သယ်ဆောင်သူထံဖြစ်စေ၊ ဆိပ်ခံတံတား ပိုင်ရှင်ထံဖြစ်စေ ပေးအပ်ခြင်းကို ဝယ်ယူသူက မိမိကိုယ်တိုင်သို့ ပေးအပ်သည်ဟု မှတ်ယူခြင်းမပြုဘဲ ငြင်းပယ်နိုင်သည်။ သို့မဟုတ် ပျက်စီးဆုံးရှုံးမှုသည် ရောင်းချသူ၏ တာဝန်ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

(၃) အခြားနည်းသဘောတူညီချက်မရှိလျှင် ကုန်စည်ကို ရောင်းချသူက ဝယ်ယူသူထံသို့ ပင်လယ်ရေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသယ်ယူရသော ခရီးဖြင့် ပေးပို့ရာ၌ အာမခံပြုလုပ်ရမြဲ အခြေအနေတွင် ရောင်းချသူသည် ဝယ်ယူသူကို ပင်လယ် ရေကြောင်းဖြင့် ရွှေ့ပြောင်းသယ်ယူစဉ် အာမခံထားရှိရန် အသိပေးရမည်။ ရောင်းချသူက ထို့သို့ အသိပေးရန် ပျက်ကွက်ပါက ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းဖြင့် ရွှေ့ပြောင်းသယ်ယူစဉ် ရောင်းချသူထံတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

**ဝေးကွာသည့်အရပ်၌ ကုန်စည်လက်ရောက်ပေးအပ်ရာတွင် ပေါ်ပေါက်သည့် တာဝန်ရှိမှု။**

☐

၄၀။ ကုန်စည်ရောင်းချသူသည် ရောင်းချစဉ်က ရောင်းချသည့်နေရာမှတစ်ပါး အခြား တစ်နေရာ၌ရှိသော ကုန်စည်ကို ကိုယ်တိုင်စွန့်စားတာဝန်ယူ၍ ပေးအပ်ရန် သဘောတူညီရာတွင် ထို့သို့သဘောတူညီချက် ရှိသော်လည်း အခြားနည်း သဘောတူညီချက်မရှိလျှင် ရွှေ့ပြောင်းသယ်ယူခြင်းကြောင့် ဖြစ်လေ့ရှိသည့် ကုန်စည် ယိုယွင်းပျက်စီးခြင်းနှင့် သက်ဆိုင်သည့် စွန့်စားတာဝန်ယူမှုကို ဝယ်ယူသူကခံရမည်။

**ကုန်စည်ကို စစ်ဆေးရန်ဝယ်ယူသူ၏အခွင့်အရေး။**

☐

၄၁။ (၁) ဝယ်ယူသူက ကြိုတင်စစ်ဆေးမထားသည့် ကုန်စည်ကို ဝယ်ယူသူထံသို့ ပေးအပ်ရာတွင် ယင်းကုန်စည်သည် ပဋိညာဉ်နှင့်အညီ ဟုတ်မဟုတ်ကို အသေအချာသိရှိရန်အလို့ငှာ အဆိုပါကုန်စည်ကို စစ်ဆေးရန် သင့်လျော်သည့် အခွင့်အလမ်း မရရှိခဲ့လျှင် အဆိုပါကုန်စည်ကို လက်ခံပြီးဖြစ်သည်ဟု မမှတ်ယူရ။

(၂) အခြားနည်းသဘောတူညီချက်မရှိလျှင် ရောင်းချသူက ဝယ်ယူသူထံသို့ ကုန်စည်ကို လက်ရောက် ပေးအပ်သည့်အခါ ဝယ်ယူသူက ကုန်စည်သည် ပဋိညာဉ်နှင့်အညီ ဟုတ်မဟုတ်ကို အသေအချာသိရှိရန် အလို့ငှာ ယင်းတို့ကို စစ်ဆေးရန် တောင်းဆိုလျှင် ရောင်းချသူမှာ ဝယ်ယူသူကို ယင်းကိစ္စအတွက် သင့်လျော်သည့်အခွင့်အလမ်းပေးရန် တာဝန်ရှိသည်။

**လက်ခံခြင်း။**

☐

၄၂။ ဝယ်ယူသူက ယင်းကုန်စည်ကို လက်ခံပြီးကြောင်း ရောင်းချသူထံသို့ အကြောင်းကြားလျှင် ဖြစ်စေ၊ ကုန်စည်ကို ဝယ်ယူသူထံလက်ရောက်ပေးအပ်ပြီး ယင်းကုန်စည်နှင့် စပ်လျဉ်း၍ ရောင်းချသူ၏ ပိုင်ဆိုင်မှုနှင့် ညီညွတ်ခြင်းမရှိသည့် လုပ်ဆောင်ချက် တစ်စုံတစ်ရာကို ဝယ်ယူသူက ပြုလုပ်လျှင်ဖြစ်စေ၊ သင့်လျော်သည့်အချိန်ကာလကြာမြင့်ပြီးနောက်မှ ကုန်စည်ကို

မယူလိုငြင်းပယ်ပြီးဖြစ်ကြောင်း ရောင်းချ သူထံ အကြောင်းမကြားဘဲ ယင်းကုန်စည်ကို ထိန်းသိမ်းထားလျှင်ဖြစ်စေဝယ်ယူသူက ကုန်စည်ကို လက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ငြင်းပယ်ထားသည့်ကုန်စည်ကို ဝယ်ယူသူကပြန်ပို့ရန်တာဝန်မရှိခြင်း။**

၄၃။ အခြားနည်းသဘောတူညီချက်မရှိလျှင် ဝယ်ယူသူထံ ကုန်စည်ကို လက်ရောက် ပေးအပ်ရာ၌ ဝယ်ယူသူက လက်ခံရန် ငြင်းပယ်ခွင့်ရှိသည့်အလျောက် ဝယ်ယူသူက ထိုသို့ငြင်းပယ်ခွင့်ရှိသည်။ ရောင်းချသူထံ အဆိုပါကုန်စည်ကို ပြန်လည်ပေးပို့ရန် ဝယ်ယူသူတွင် တာဝန်မရှိချေ။ သို့ရာတွင် ဝယ်ယူသူက ယင်းကုန်စည်ကို လက်ခံရန်ငြင်းပယ်ကြောင်း ရောင်းချသူထံ အကြောင်းကြားလျှင် လုံလောက်သည်။

**ကုန်စည်ကို လက်ရောက်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပေါ့လျော့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း အတွက် ဝယ်ယူသူ၏တာဝန်ရှိမှု။**

၄၄။ ကုန်စည်ကို ပေးအပ်ရန်အသင့်ရှိ၍ ပေးအပ်လိုကြောင်းဖြင့် ရောင်းချသူက ဝယ်ယူသူသို့ ပေးအပ်ခြင်းကို လက်ခံရန်တောင်းဆိုသည့်အခါ ယင်းသို့ပေးအပ်ခြင်းကို လက်ခံရန် တောင်းဆိုပြီးနောက် သင့်လျော်သည့်အချိန် ကာလအတွင်း ကုန်စည်ကို ဝယ်ယူသူက လက်ခံရယူခြင်းမပြုလျှင် ယင်းကဲ့သို့သော ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပေါ့လျော့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုတစ်စုံတစ်ရာအတွက် ဝယ်ယူသူက ရောင်းချသူအား ပေးလျော်ရန် တာဝန်ရှိသည့်ပြင် ကုန်စည်ကို ထိန်းသိမ်းစောင့်ရှောက်ရသည့်အတွက်လည်း သင့်လျော် သည့် အခကြေးငွေကို ပေးရန် တာဝန်ရှိသည်။

သို့ရာတွင် ကုန်စည်ကိုလက်ခံယူရန် ဝယ်ယူသူက ပေါ့လျော့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမှာ ပဋိညာဉ်ကို လိုက်နာရန်ငြင်းဆိုရာရောက်သည့်အချက်တွင် ရောင်းချသူ၏ အခွင့်အရေးများကို ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထိခိုက်ခြင်းမရှိစေရ။

**အခန်း(၅)**

**ကုန်စည်ပေါ်တွင်ကုန်ဖိုးမရရှိသေးသောရောင်းချသူ၏ အခွင့်အရေးများ**

**ကုန်ဖိုးမရရှိသေးသော ရောင်းချသူကို အဓိပ္ပာယ်ဖော်ပြခြင်း။**

၄၅။ (၁) ကုန်စည်ရောင်းချသူအား ဖော်ပြပါကိစ္စရပ်များတွင် ဤအက်ဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုန်ဖိုးမရရှိသေးသော ရောင်းချသူအဖြစ် မှတ်ယူ ရမည်။

(က) တန်ဖိုးအားလုံးကို ပေးချေခြင်းသို့မဟုတ် ပေးသွင်းရန်ကမ်းလှမ်းခြင်း မပြုသည့် အခါ၊

(ခ) ငွေလွှဲလက်မှတ်သို့မဟုတ် အခြားလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းကို စည်းကမ်းချက်ဖြင့် ပေးချေခြင်းအဖြစ်ရရှိပြီးနောက် ယင်းငွေလွှဲလက်မှတ် သို့မဟုတ် စာချုပ်စာတမ်းကို လက်မခံခြင်းကြောင့် စည်းကမ်းချက်ကို ကျေပွန်အောင် မဆောင်ရွက်နိုင်သည့်အခါ။

(၂) ဤအခန်း၌ "ရောင်းချသူ" ဆိုသည့်စကားရပ်တွင် ရောင်းချသူ အနေအထား ရှိသူ မည်သူမဆို ပါဝင်သည်။ ဥပမာ - ကုန်တင်လက်မှတ် ထုတ်ပေးခြင်းဖြင့် လွှဲအပ်ခြင်းခံရသော ရောင်းချသူ၏

ကိုယ်စားလှယ်တစ်ဦး၊ သို့မဟုတ် ကုန်စည် ပေးပို့သူတစ်ဦး၊ သို့မဟုတ် ကိုယ်တိုင်ငွေပေးချေပြီးသော သို့မဟုတ် ကုန်ဖိုးငွေ အတွက် တိုက်ရိုက် တာဝန်ရှိသော ကိုယ်စားလှယ်တို့ဖြစ်သည်။

**ကုန်ဖိုးမရရှိသေးသော ရောင်းချသူ၏အခွင့်အရေးများ။**

၄၆။ (၁) ဤအက်ဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်၏ ပြဋ္ဌာန်းချက်များကို အထောက် အထားပြု၍ ကုန်စည်ပိုင်ဆိုင်မှုကို ဝယ်ယူသူထံသို့ လွှဲပြောင်းပေးပြီး ဖြစ်လင့်ကစား ကုန်ဖိုးမရရှိသေးသော ကုန်စည်ရောင်းချသူတွင် ဥပဒေသဘော သက်ရောက်မှုအရ-

(က) ကုန်စည်ကိုမိမိလက်ဝယ်ရှိစဉ်၊ တန်ဖိုးအတွက် ၎င်းကုန်စည်ကို လက်ဝယ် ထားပိုင်ခွင့် ၊

(ခ) ဝယ်ယူသူသည် လူမွဲ ခေါ် ကြွေးမြီမပေးဆပ်နိုင်သူ ဖြစ်သည့်အချက်တွင် မိမိလက်ဝယ်ရှိခြင်းမှ ကင်းလွတ်ပြီးနောက် သယ်ဆောင်ဆဲ လမ်းခရီး တွင် ယင်းကုန်စည်ကို တားဆီးပိုင်ခွင့်၊

(ဂ) ဤအက်ဥပဒေ၏ ကန့်သတ်ချက်နှင့်အညီ ပြန်လည်ရောင်းချ ပိုင်ခွင့် ရှိသည်။

(၂) ပစ္စည်းပိုင်ဆိုင်ခွင့်ကို ဝယ်ယူသူထံသို့ လွှဲပြောင်းပေးပြီးမဟုတ်လျှင် ကုန်ဖိုး မရသေးသော ရောင်းချသူ၌ အခြားသောသက်သာခွင့်များအပြင် ကုန်စည်ကို ဝယ်ယူသူသို့ လွှဲပြောင်းပေးပြီးဖြစ်သည့်အခါ ကုန်စည်သယ်ဆောင်ဆဲ လမ်းခရီး တွင် လက်ဝယ်ထားပိုင်ခွင့်နှင့် တားဆီးပိုင်ခွင့်တို့နှင့် အလားတူနှင့် ထပ်တူ အခွင့်အရေး ဖြစ်သည့် လွှဲပြောင်းပေးခြင်းမပြုဘဲထားပိုင်ခွင့်ရှိသည်။

**ကုန်ဖိုးမရရှိသေးသောရောင်းချသူ၏ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့်**

**ရောင်းချသူ၏ လက်ဝယ်ထားပိုင်ခွင့်။**

၄၇။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ကုန်စည် လက်ဝယ်ရှိပြီး ကုန်ဖိုးမရရှိသေးသော ရောင်းချသူမှာ အောက်ပါ အခြေအနေများ တွင် ကုန်ဖိုးပေးချေခြင်း သို့မဟုတ် ကုန်ဖိုးပေးသွင်းရန် ကမ်းလှမ်းခြင်း ဆောင်ရွက်သည်အထိ ၎င်းကုန်စည်ကို လက်ဝယ် ဆက်လက်ထားပိုင်ခွင့် ရှိသည်။ ၎င်းတို့မှာ–

(က) ကုန်ဖိုးငွေကို အကြွေးဖြင့်ပေးချေခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက် တစ်စုံတစ်ရာ မရှိဘဲ ကုန်စည်ကို ရောင်းချပြီးသည့်အခါ၊

(ခ) ကုန်စည်ကို အကြွေးဖြင့် ရောင်းချပြီးသည့်အချက်တွင် အကြွေးပေးဆပ် ရမည့် သက်တမ်းကာလ ကုန်ဆုံးသွားသည့်အခါ၊

(ဂ) ဝယ်ယူသူသည် လူမွဲအဖြစ်ခံယူသည့်အခါ။

(၂) ရောင်းချသူသည် ဝယ်ယူသူအတွက် ကိုယ်စားလှယ် သို့မဟုတ် ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ်ဖြင့် ကုန်စည်ကို လက်ရှိဖြစ်သော်ငြားလည်း ကုန်စည် လက်ဝယ် ထားပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက် နိုင်သည်။

**တစ်စိတ်တစ်ပိုင်းပေးအပ်ခြင်း။**

၄၈။ ကုန်ဖိုးမရရှိသေးသော ရောင်းချသူ တစ်ဦးတစ်ယောက်က ကုန်စည်တစ်စိတ်တစ်ပိုင်းကို လက်ရောက်ပေးအပ်ရာတွင် ကုန်စည်လက်ဝယ်ထားပိုင်ခွင့်ကို စွန့်လွှတ်သည့် သဘောတူညီချက် တစ်ခုခုကိုပြသသည့်အနေဖြင့် ဝန်းကျင်အကြောင်းခြင်းရာအရ ၎င်းကုန်စည် တစ်စိတ်တစ်ဒေသကို

လွှဲပြောင်းခြင်းမဟုတ်လျှင် ကျန်ရှိသော ကုန်စည်အပေါ်တွင် ကုန်စည်လက်ဝယ်ထားပိုင်ခွင့်ကို ကျင့်သုံး ဆောင်ရွက် နိုင်သည်။

**လက်ဝယ်ထားပိုင်ခွင့်ပြီးဆုံးခြင်း။**

**၄၉။** (၁) ကုန်ဖိုးမရရှိသေးသော ရောင်းချသူသည် ဖော်ပြပါအချက်များတွင် ၎င်း၏ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့်ဆုံးရှုံးသည်-

(က) ၎င်းက ကုန်စည်စီမံခန့်ခွဲပိုင်ခွင့်ကို ခြွင်းချက်မထားဘဲ ဝယ်ယူသူထံသို့ ကုန်စည်ကို ပေးပို့ရေးအတွက် သယ်ဆောင်သူတစ်ဦးတစ်ယောက်ထံ သို့မဟုတ် အခြားယုံမှတ်အပ်နှံခံရသူထံသို့ ကုန်စည်ကို လက်ရောက် ပေးအပ်သည့်အခါ၊

(ခ) ဝယ်ယူသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်သည် ကုန်စည်ကို တရားဝင် လက်ရှိရယူသည့်အခါ၊

(ဂ) ယင်းကို စွန့်လွှတ်သည့်အခါ။

(၂) ယင်းကဲ့သို့ ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့်ရှိပြီး ကုန်ဖိုးမရရှိသေးသော ရောင်းချသူသည် ကုန်စည်များ၏ တန်ဖိုးအတွက် ဒီကရီရရှိပြီးဖြစ်ရုံမျှဖြင့် ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့် ဆုံးရှုံးခြင်း မရှိစေရ။

**လမ်းခရီး၌ တားဆီးခြင်း**

**လမ်းခရီး၌ တားဆီးပိုင်ခွင့်။**

**၅၀။** ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ကုန်စည်ကို ဝယ်ယူသူသည် လူမွဲအဖြစ်ခံယူသည့်အခါတွင် ကုန်စည်လက်ရှိထားခြင်းကို လွှဲပြောင်းပေးပြီးသည့် ကုန်ဖိုးမရရှိသေးသောရောင်းချသူသည် ကုန်စည်ကို လမ်းခရီး၌ တားဆီးပိုင်ခွင့်ရှိသည်။ ဆိုလိုသည်မှာ ၎င်းသည် ကုန်စည်ကို သယ်ဆောင်နေသည့်ကာလပတ်လုံး ပြန်လည်၍ လက်ဝယ်ထားပိုင်ခွင့်ရှိသည့် အပြင် ကုန်ဖိုးငွေပေးချေပြီး သို့မဟုတ် ပေးသွင်းရန် ကမ်းလှမ်းပြီးသည့် တိုင်အောင် ကုန်စည်ကို ဆက်လက် ထိန်းသိမ်းထားခွင့်ရှိသည်။

**ကုန်စည်သယ်ဆောင်ခြင်း၏ ကြာမြင့်ချိန်။**

**၅၁။** (၁) ကုန်စည်ကို ဝယ်ယူသူထံသို့ ပေးပို့ရေးအတွက် သယ်ဆောင်သူ တစ်ဦးဦးထံသို့ ဖြစ်စေ သို့မဟုတ် အခြားယုံမှတ်အပ်နှံခံရသူတစ်ဦးဦးထံသို့ဖြစ်စေ လက်ရောက် လွှဲပြောင်းပေးသည့်အချိန်မှစ၍ ဝယ်ယူသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က အဆိုပါ သယ်ဆောင်သူ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူ ထံမှ ကုန်စည် လွှဲပြောင်း ရယူသည့်အချိန်ထိ အချိန်ကာလကို လမ်းခရီး၌ ကုန်စည်သယ်ယူပို့ဆောင်သည့် ကာလအဖြစ် မှတ်ယူသည်။

(၂) ဝယ်ယူသူ သို့မဟုတ် ယင်းကိစ္စအတွက် ဆောင်ရွက်သော ၎င်း၏ ကိုယ်စားလှယ်က သက်မှတ်ထားသည့် ပို့ဆောင်ရမည့်နေရာသို့မရောက်မီ ကုန်စည်ကို လက်ရောက်ရယူလိုက်ပါက ခရီးစဉ် ပြီးစီးသည်။

(၃) ကုန်စည်သည် သတ်မှတ်ထားသည့်နေရာသို့ရောက်ရှိပြီးနောက် သယ်ဆောင်သူ သို့မဟုတ် အခြား ယုံမှတ်အပ်နှံခံရသူတစ်ဦးက ဝယ်ယူသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်ထံသို့ ကုန်စည်ကို

၄င်းကိုယ်စားလက်ဝယ်ထားရှိကြောင်း၊ ဝယ်ယူသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၏ ယုံမှတ်အပ်နှံခံရသူအဖြစ်ဖြင့် ဆက်လက်၍ လက်ရှိထားရှိကြောင်း ဝန်ခံအတည်ပြုပါက ပစ္စည်းလွှဲပြောင်းခြင်း ပြီးစီးသည့်အပြင် ယင်းကုန်စည်ကို နောက်ထပ်ပို့ဆောင်ရန် နောက်ထပ်ခရီးဆုံးနေရာ တစ်နေရာကို ဝယ်ယူသူက ညွှန်ပြပြောဆိုထားပြီးဖြစ်ခြင်းမှာ အဓိကမကျ။

(၄) ကုန်စည်ကို ဝယ်ယူသူက လက်မခံဘဲငြင်းဆိုပြီး သယ်ဆောင်သူ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူ၏ လက်ဝယ်တွင် ကုန်စည်ဆက်လက်ရှိနေသော်လည်း ရောင်းချသူက ကုန်စည်ကို ပြန်လည်လက်ခံရန် ငြင်းဆိုသည့်တိုင်အောင် ခရီးစဉ် ပြီးဆုံးသည်ဟု မှတ်ယူခြင်းမပြုရ။

(၅) ကုန်စည်ကို ဝယ်ယူသူက ငှားရမ်းထားသော သင်္ဘောပေါ်သို့ ပို့ဆောင်ပြီးသည့် အခါတွင် ကုန်စည်မှာ ဝယ်ယူသူ၏ သယ်ဆောင်သူအဖြစ်ဖြင့်သော်လည်းကောင်း၊ ဝယ်ယူသူ၏ ကိုယ်စားလှယ်အဖြစ်ဖြင့်သော်လည်းကောင်း သင်္ဘောရေယာဉ်မှူး လက်ဝယ်ရှိခြင်း မရှိခြင်း ဆိုသည့်အချက်သည် ကိစ္စတစ်ခုချင်း၏ အကြောင်းခြင်းရာအပေါ် မူတည်သည်။

(၆) သယ်ဆောင်သူ သို့မဟုတ် အခြားယုံမှတ်အပ်နှံခံရသူက ဝယ်ယူသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်ထံသို့ ကုန်စည်လက်ရောက်ပေးအပ်ရန် မှားယွင်းစွာငြင်းပယ်လျှင် ခရီးစဉ်ပြီးဆုံးသည်ဟု မှတ်ယူ သည်။

(၇) ကုန်စည်တစ်စိတ်တစ်ဒေသကို ဝယ်ယူသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်ထံသို့ ပို့ဆောင်ပြီးသည့်အခါ၊ ထိုသို့တစ်စိတ်တစ်ဒေသပို့ဆောင်ခြင်းသည် ကုန်စည်ကို အားလုံးလက်ရှိဖြစ်ခြင်းမှ စွန့်လွှတ်ကြောင်း သဘောတူညီချက် တစ်စုံတစ်ရာ ကဲ့သို့သော ဝန်းကျင်အကြောင်းခြင်းရာ တစ်ရပ်ရပ် မရှိခဲ့လျှင် ကျန်ကုန်စည် တစ်စိတ်တစ်ဒေသကို လွှဲပြောင်းခြင်းမရှိဘဲ ခရီးစဉ်၌ တားဆီးနိုင်သည်။

**လမ်းခရီး၌တားဆီးခြင်းကို မည်ကဲ့သို့ဆောင်ရွက်ခြင်း။**

၅၂။ (၁) ကုန်ဖိုးမရရှိသော ရောင်းချသူသည် ကုန်စည်ကို အမှန်တကယ်လက်ရှိရယူထားခြင်း ဖြင့်သော်လည်းကောင်း၊ သယ်ဆောင်သူ သို့မဟုတ် ကုန်စည်လက်ဝယ်ရှိသော အခြားယုံမှတ်အပ်နှံခံရသူသို့ အကြောင်းကြားခြင်းဖြင့်သော်လည်းကောင်း ကုန်စည်ကို လမ်းခရီး၌ တားဆီးနိုင်သည့် အခွင့်အရေးကို ကျင့်သုံးနိုင်သည်။ အဆိုပါ အကြောင်းကြားစာကို ကုန်စည်ကို အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်သူ ထံသော်လည်းကောင်း၊ ၎င်း၏အကြီးအကဲထံသော်လည်းကောင်း ပေးပို့နိုင်သည်။ ဒုတိယအချက် ဖြစ်သည့် အကြောင်းကြားစာပေးပို့ရာ၌ အမှန်တကယ်ထိရောက်မှုရှိစေရေးအတွက် အဆိုပါ အကြောင်း ကြားစာကို ကုန်စည်ကို ဝယ်ယူသူထံသို့ ပို့ဆောင်ခြင်းကို အချိန်မီတားဆီးနိုင်ရန် အကြီးအကဲမှ ၎င်း၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်သို့ ဆက်သွယ်နိုင်သည့် အချိန်နှင့် အခြေအနေတွင် သင့်လျော် လုံလောက်သည့် လုံ့လစိုက်ထုတ်ခြင်းဖြင့် ပေးပို့ ရမည်။

(၂) ရောင်းချသူမှ သယ်ဆောင်သူ သို့မဟုတ် ကုန်စည်လက်ရှိဖြစ်သော အခြားယုံမှတ် အပ်နှံခံရသူထံသို့ လမ်းခရီး၌ကုန်စည်ကို တားဆီးမည့် အကြောင်းကြားစာကို ပေးပို့သည့် အချိန်တွင် ၎င်းက ကုန်စည်ကို ရောင်းချသူသို့ဖြစ်စေ၊ ရောင်းချသူ ညွှန်ကြားသည့်အတိုင်းဖြစ်စေ

ပြန်လည်လက်ရောက်ပေးအပ်ရမည်။ ထိုကဲ့သို့ ပြန်လည် လက်ရောက်ပေးအပ်ရာတွင် ကုန်ကျစရိတ်များကို ရောင်းချသူက ကျခံရမည်။

**ဝယ်ယူသူနှင့်ရောင်းချသူတို့ လွှဲပြောင်းခြင်း**

**ဝယ်ယူသူကတစ်ဆင့်ရောင်းချခြင်း သို့မဟုတ် ပေါင်နှံခြင်း၏အကျိုးသက်ရောက်မှု။**

**၅၃။** (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ကုန်ဖိုးမရရှိသော ရောင်းချသူ၏ ကုန်စည်များကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် ကုန်စည်များကို လမ်းခရီး၌ တားဆီးပိုင်ခွင့်သည် ရောင်းချသူ၏ သဘောတူညီချက်မရှိဘဲ ဝယ်ယူသူက ၎င်းကုန်စည်များကို ရောင်းချခြင်း သို့မဟုတ် အခြားစီမံခန့်ခွဲမှု တစ်စုံတစ်ရာပြုလုပ်ခြင်းဖြင့် ရောင်းချသူအား ထိခိုက်မှုမရှိစေရ၊

သို့ရာတွင် ကုန်စည် ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်း တစ်စုံတစ်ရာကို ယင်း ကုန်စည် ဝယ်ယူသူအဖြစ် သို့မဟုတ် ပိုင်ဆိုင်သူအဖြစ်ဖြင့် လူတစ်ဦးတစ်ယောက်သို့ ထုတ်ပေးခြင်း သို့မဟုတ် ဥပဒေနှင့်အညီ လွှဲပြောင်းခြင်းကို ဆောင်ရွက်ပြီးသည့်ပြင် ထိုသူက ယင်းစာရွက် စာတမ်းကို တခြားသူတစ်ဦးထံသို့ အဖိုးစားနားအတွက် သဘောရိုးဖြင့် ရယူသူတစ်ဦးအား လွှဲပြောင်းပေးသည့်အချက်တွင် နောက်ဆုံးဖော်ပြပါ လွှဲပြောင်းခြင်းကို ရောင်းချခြင်း နည်းလမ်း ဖြင့် ဆောင်ရွက်ပြီးမှုသာလျှင် ကုန်ဖိုးမရရှိသော ရောင်းချသူ၏ ကုန်စည်ကို လက်ဝယ် ထားပိုင်ခွင့် သို့မဟုတ် လမ်းခရီး၌ တားဆီးပိုင်ခွင့် ပျက်ပြယ်သည်။ နောက်ဆုံးဖော်ပြပါ လွှဲပြောင်းခြင်းကို တန်ဖိုးအတွက် ပေါင်နှံခြင်းဖြင့်သော် လည်းကောင်း၊ အခြားစီမံခန့်ခွဲခြင်းဖြင့် သော်လည်းကောင်း ပြုလုပ်ခဲ့မှုသာလျှင် ကုန်ဖိုးမရရှိသော ရောင်းချသူ၏ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် လမ်းခရီး၌ တားဆီးပိုင်ခွင့်ကို လွှဲပြောင်းပေးခြင်း ခံရသူ၏ အခွင့်အရေးများကို အထောက်အထားပြု၍ ကျင့်သုံးရမည်။

(၂) လွှဲပြောင်းခြင်းကို ပေါင်နှံခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ကုန်ဖိုး မရရှိသော ရောင်းချသူက ပထမအဆင့်အားဖြင့် ပေါင်နှံခြင်းဖြင့် လုံလောက်သော ငွေပမာဏကိုရရှိရန် အပေါင်ခံသူကို လိုအပ်သည်သာမက အပေါင်ခံသူ၏ လက်ဝယ်တွင်ရှိသော ၎င်းဝယ်ယူသူ၏ အခြားကုန်စည် သို့မဟုတ် အာမခံပစ္စည်း များကိုလည်း တတ်နိုင်သမျှ လိုအပ်နိုင်သည်။

**ကုန်စည်သယ်ယူဆဲကာလ၌သိမ်းထားခြင်းသို့မဟုတ်လမ်းခရီး၌တားဆီးခြင်းသည် ရောင်းချခြင်း ကို သာမန်အားဖြင့် ပျက်ပြယ်စေသည်မဟုတ်။**

**၅၄။** (၁) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အရောင်းပဋိညာဉ် တစ်ရပ်သည် ကုန်ဖိုး မရရှိသော ရောင်းချသူ၏ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် လမ်းခရီး၌ တားဆီးပိုင်ခွင့်ကို ကျင့်သုံးရုံမျှဖြင့် ပျက်ပြယ်ခြင်း မရှိ။

(၂) ကုန်စည်သည် ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်သည့် အခါတွင် လည်းကောင်း၊ ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် လမ်းခရီး၌ တားဆီးပိုင်ခွင့်ကို ကျင့်သုံးနိုင်သော ကုန်ဖိုးမရရှိသော ရောင်းချသူက ကုန်စည်ကို ပြန်လည်ရောင်းချနိုင်ရန် ရည်ရွယ်၍ ဝယ်ယူသူသို့ အကြောင်းကြား သည့်အခါတွင်လည်းကောင်း ဝယ်ယူသူက သင့်လျော်သည့်အချိန်အတောအတွင်း ကုန်ဖိုးငွေပေးချေခြင်း သို့မဟုတ် တင်သွင်းခြင်းကို ဆောင်ရွက်ရန်ပျက်ကွက်ပါက ကုန်ဖိုးမရရှိသော ရောင်းချသူသည် သင့်လျော်သည့် အချိန်အတွင်း ကုန်စည်ကို ပြန်လည်ရောင်းချနိုင်သည့်အပြင်

မူလဝယ်ယူသူထံမှ စာချုပ်စည်းကမ်း ဖောက်ဖျက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအတွက် နစ်နာကြေးကို ရရှိနိုင်သည်။ သို့သော် ဝယ်ယူသူသည် ထိုကဲ့သို့ကုန်စည်ကို ပြန်လည် ရောင်းချရာမှရရှိသော အကျိုးအမြတ်များကို ရရှိပိုင်ခွင့်မရှိ။ အကယ်၍ အဆိုပါ အကြောင်းကြားစာကို ပေးပို့ထားခြင်းမရှိပါက ကုန်ဖိုးမရရှိသေးသော ရောင်းချသူက အဆိုပါနစ်နာကြေးကို ရယူပိုင်ခွင့်မရှိသည့်အပြင် ဝယ်ယူသူက ပြန်လည်ရောင်းချသည့် ကုန်စည်အပေါ်တွင် အကျိုးအမြတ်ရရှိပါက ရယူပိုင်ခွင့် ရှိသည်။

(၃) ကုန်စည်ကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် လမ်းခရီး၌ တားဆီးပိုင်ခွင့်ကို ကျင့်သုံးသော ကုန်ဖိုးမရရှိသော ရောင်းချသူက ကုန်စည်ကို ပြန်လည်ရောင်းချရာတွင် ဝယ်ယူသူက ၎င်းပြန်လည် ရောင်းချခြင်းအတွက် အကြောင်းကြားစာကို မူလဝယ်ယူသူထံ ပေးပို့ခဲ့ခြင်းမရှိသော်ငြားလည်း မူလဝယ်ယူသူနှင့် ဆန့်ကျင်၍ ယင်းကုန်စည် ပိုင်ဆိုင်ခွင့်ကို ကောင်းစွာရရှိသည်။

(၄) ဝယ်ယူသူက ပျက်ကွက်လျှင် ရောင်းချသူက ကုန်စည်ပြန်လည် ရောင်းချခွင့်ကို အတိအလင်း အားဖြင့် ချန်လှပ်ထားခဲ့ပြီး ဝယ်ယူသူက ပျက်ကွက်မှုပြုလုပ်သည့်အခါ၌ ကုန်စည်ကို ပြန်လည် ရောင်းချသည့်အချက်တွင် မူလအရောင်းပဋိညာဉ်သည် ပျက်ပြယ်သွားသည်။ သို့သော် နစ်နာကြေး အတွက် ရောင်းချသူတွင် ရှိသော တောင်းဆိုပိုင်ခွင့် တစ်စုံတစ်ရာကို ထိခိုက်စေသည် မဟုတ်။

**အခန်း ၆**

**ပဋိညာဉ်ချိုးဖောက်မှုအတွက် စွဲဆိုသည့်တရားမမှုများ**

**ကုန်စည်တန်ဖိုးအတွက်စွဲဆိုသည့် တရားမမှု။**

**၅၅။** (၁) အရောင်းပဋိညာဉ်တစ်ရပ်အရ ကုန်စည် ပိုင်ဆိုင်ခွင့်ကို ဝယ်ယူသူသို့ လွှဲအပ်ပြီး သည့်နောက် ဝယ်ယူသူက ပဋိညာဉ်ပါ စည်းကမ်းချက်များနှင့်အညီ ကုန်စည်တန်ဖိုးပေးချေရန် မတရား ပျက်ကွက် လျှင်ဖြစ်စေ၊ သို့မဟုတ် ငြင်းဆန်လျှင်ဖြစ်စေ ရောင်းချသူက ၎င်းဝယ်ယူသူကို ကုန်စည် တန်ဖိုးအတွက် တရားစွဲဆို နိုင်သည်။

(၂) အရောင်းပဋိညာဉ်အရ ကုန်စည်ပေးအပ်ခြင်းကို ပဓာနမထားဘဲ ကုန်စည် ပေးအပ်သည့် နေ့၌ ပေးချေမည့် ကုန်ဖိုးငွေကို ဝယ်ယူသူက ပေးချေရန် မတရား ပျက်ကွက်လျှင်ဖြစ်စေ၊ ငြင်းဆန်လျှင်ဖြစ်စေ ကုန်စည်ပိုင်ဆိုင်ခွင့်ကို ဝယ်ယူသူထံ မလွှဲပြောင်းရသေးသည့်ပြင် ပဋိညာဉ်အတွက် ကုန်စည် ပိုင်ဆိုင်ခွင့်ကို လွှဲအပ်ခြင်းမရှိသေးပါက ရောင်းချသူသည် ဝယ်ယူသူကို ကုန်စည်တန်ဖိုးအတွက် တရားစွဲဆို နိုင်သည်။

**လက်မခံသည့်အတွက်နစ်နာကြေး။**

**၅၆။** ဝယ်ယူသူက ကုန်စည်ကို လက်ခံရန်နှင့်တန်ဖိုးငွေပေးချေရန် မတရားပျက်ကွက်လျှင် ဖြစ်စေ၊ ငြင်းဆန်လျှင်ဖြစ်စေ ရောင်းချသူက ၎င်းဝယ်ယူသူကို ယင်းသို့ လက်မခံခြင်းအတွက် နစ်နာကြေး အလို့ငှာ တရားစွဲဆိုနိုင်သည်။

**လက်ရောက်မပေးအပ်သည့်အတွက် နစ်နာကြေး။**

၅၇။ ရောင်းချသူက ဝယ်ယူသူသို့ ကုန်စည်များကို ပေးအပ်ရန် မတရားပျက်ကွက်လျှင်ဖြစ်စေ၊ ငြင်းဆန်လျှင်ဖြစ်စေ ဝယ်ယူသူက ၎င်းရောင်းချသူကို ကုန်စည်လက်ရောက် မပေးအပ်သည့်အတွက် နစ်နာကြေးရလိုမှုဖြင့် တရားစွဲဆို နိုင်သည်။

**သီးခြားဆောင်ရွက်ချက်။**

၅၈။ သီးခြားသက်သာခွင့်အက်ဥပဒေ အခန်း ၂ ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ သီးခြားကုန်စည် သို့မဟုတ် ခွဲခြားသတ်မှတ်ထားသည့် ကုန်စည်ကို ပေးအပ်ရန် ပဋိညာဉ် ဖောက်ဖျက်ခြင်းကြောင့် စွဲဆိုသည့် မည်သည့် တရားမမှုတွင်မဆို နစ်နာကြေးပေးရာ၌ ကုန်စည် ဆက်လက်ထားရှိခွင့်ကို တရားပြိုင်သို့ မပေးအပ်ဘဲ ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်ရမည်ဟု ရုံးတော်က သင့်သည်ထင်မြင်လျှင် တရားလို၏ လျှောက်ထားချက်အရ ချမှတ်သည့်ဒီကရီဖြင့် ဆောင်ရွက်နိုင်သည်။ ၎င်းဒီကရီမှာ စည်းကမ်းကန့်သတ်ချက် မပြဘဲသော်လည်းကောင်း၊ နစ်နာကြေး များ၊ ကုန်စည်တန်ဖိုးပေးချေခြင်း သို့မဟုတ် အခြားနည်းပေးချေခြင်းနှင့် စပ်လျဉ်း၍ ရုံးတော်က သင့်သည်ထင်မြင်လျှင် ကန့်သတ်ချက်များ၊ စည်းကမ်း ချက်များနှင့်သော်လည်းကောင်း ဖြစ်နိုင်သည့်အပြင် ဒီကရီမချမှတ်မီ မည်သည့် အချိန်ကာလ၌မဆို တရားလိုက လျှောက်ထားနိုင်သည်။

**အာမခံချက်ချိုးဖောက်မှုအတွက်သက်သာခွင့်။**

၅၉။ (၁) ရောင်းချသူက အာမခံချက်ချိုးဖောက်လျှင်ဖြစ်စေ၊ ရောင်းချသူ၏ မည်သို့သော စည်းကမ်းချက် ကိုမဆို ချိုးဖောက်ခြင်းအဖြစ် ဝယ်ယူသူက ရွေးချယ်လျှင်ဖြစ်စေ၊ မဖြစ်မနေ ဆောင်ရွက်ရလျှင်ဖြစ်စေ၊ ဝယ်ယူသူသည် ၎င်းအာမခံချက် ချိုးဖောက်ခြင်းအကြောင်းဖြင့် ကုန်စည်ကို ငြင်းပယ်ပိုင်ခွင့်မရှိ။ သို့ရာတွင် ၎င်းဝယ်ယူသူက-

(က) ကုန်စည်တန်ဖိုး ယုတ်လျော့ရာတွင်ဖြစ်စေ၊ ကုန်စည်တန်ဖိုး ပပျောက်ရာ တွင် ဖြစ်စေ အာမခံချက်ချိုးဖောက်ကြောင်း ရောင်းချသူနှင့် ဆန့်ကျင်၍ အဆိုပြုနိုင်သည်၊ သို့မဟုတ်

(ခ) အာမခံချက်ချိုးဖောက်ခြင်းအတွက် နစ်နာကြေးအလို့ငှာ ရောင်းချသူကို တရားစွဲဆိုနိုင်သည်။

(၂) ကုန်စည်တန်ဖိုးယုတ်လျော့ရာတွင်ဖြစ်စေ၊ ကုန်စည်တန်ဖိုး ပပျောက်ရာတွင်ဖြစ်စေ အာမခံချက် ချိုးဖောက်ကြောင်း ဝယ်ယူသူက အဆိုပြုရာတွင် ၎င်း၌ ယင်းသို့ အာမခံချက်ချိုးဖောက်ခြင်းအတွက် နောက်ထပ် နစ်နာမှုခံစားရလျှင် ၎င်း ဝယ်ယူသူ၏ တရားစွဲဆိုခြင်းကို တားမြစ်ခြင်းမရှိ။

**သတ်မှတ်ထားသည့်နေ့ရက်မတိုင်မီ ပဋိညာဉ်ကိုငြင်းပယ်ခြင်း။**

၆၀။ ရောင်းချသူကသော်လည်းကောင်း၊ ဝယ်ယူသူကသော်လည်းကောင်း ကုန်စည်လက်ရောက် ပေးအပ်ရမည့်နေ့ရက်မတိုင်မီ ပဋိညာဉ်ကို ငြင်းပယ်လျှင် တခြားဘက်က ပဋိညာဉ် တည်ရှိပြီးသကဲ့သို့ မှတ်ယူနိုင်သည့်ပြင် ကုန်စည်လက်ရောက် ပေးအပ်ရမည့် နေ့ရက်တိုင်အောင် စောင့်ဆိုင်းနေနိုင်သည်။ သို့မဟုတ် ၎င်းပဋိညာဉ်ပျက်ပြယ်ကြောင်း မှတ်ယူနိုင်သည့်ပြင် ပဋိညာဉ်ချိုးဖောက်ခြင်းအတွက် နစ်နာကြေး အလို့ငှာ တရားစွဲဆိုနိုင်သည်။

**နစ်နာကြေးနှင့်အထူးနစ်နာကြေးတို့နှင့်စပ်ဆိုင်သည့်အတိုးငွေ။**

၆၁။ (၁) ဥပဒေအရ အတိုးငွေ သို့မဟုတ် အထူးနစ်နာကြေး ရထိုက်ခွင့်ရှိသည့် အမှုတစ်စုံ တစ်ရာတွင် ရောင်းချသူကသော်လည်းကောင်း၊ ဝယ်ယူသူကသော်လည်းကောင်း အတိုးငွေ သို့မဟုတ် အထူး နစ်နာကြေး ပြန်လည်တောင်းဆိုပိုင်ခွင့်ကိုဖြစ်စေ၊ ကုန်စည်တန်ဖိုးပေးချေရန် ပျက်ကွက်သည့်အတွက် ငွေပေးချေပြီးငွေများ ပြန်လည်တောင်းဆိုပိုင်ခွင့်ကိုဖြစ်စေ ဤအက်ဥပဒေပါ မည်သည့်အချက်ကမျှ ထိခိုက်မှုမရှိစေရ။

(၂) တစ်စုံတစ်ရာ ဆန့်ကျင်ကွဲလွဲသည့်ပဋိညာဉ် မရှိခဲ့လျှင် အောက်ပါအမှုများတွင် တရားရုံးက ကုန်စည်တန်ဖိုးအပေါ် သင့်လျော်သည့်နှုန်းထားဖြင့် အတိုး သတ်မှတ် နိုင်သည်-

(က) ကုန်စည်တန်ဖိုးအတွက် ရောင်းချသူက စွဲဆိုသည့်အမှုတွင် ရောင်းချသူအား ကုန်စည်များ တင်သွင်းသည့်နေ့မှစ၍ဖြစ်စေ၊ ကုန်စည်တန်ဖိုး ပေးချေ ရမည့် နေ့မှစ၍ဖြစ်စေ။

(ခ) ရောင်းချသူက ပဋိညာဉ်ချိုးဖောက်၍ ဝယ်ယူသူက ကုန်စည်တန်ဖိုး ပြန်လည် ရရှိရန် စွဲဆိုသည့် အမှုတွင် ဝယ်ယူသူအား ကုန်စည်တန်ဖိုး ပေးချေသည့်နေ့မှစ၍ ဖြစ်စေ။

**အခန်း ၇**

**အထွေထွေ**

**သဘောသက်ရောက်သော စကားရပ်များနှင့် စည်းကမ်းချက်များကို ဖယ်ထုတ်ခြင်း။**

၆၂။ ဥပဒေအရ သဘောသက်ရောက်သော အရောင်းပဋိညာဉ်တစ်ရပ်၌ ဖြစ်ပေါ်လာမည့် အခွင့်အရေး၊ တာဝန် သို့မဟုတ် ပေးရန်တာဝန်ရှိမှုတစ်စုံတစ်ရာကို အတိအလင်း သဘောတူညီချက်ဖြင့်ဖြစ်စေ၊ ပဋိညာဉ်တွင် ပါဝင်သူများအကြား ဆက်ဆံမှုများအရ ဖြစ်စေ၊ ပဋိညာဉ်ပြုသူနှစ်ဖက်လုံးအား ပဋိညာဉ်အရ တာဝန်ရှိစေသော ဓလေ့ ထုံးတမ်းဖြစ်လျှင် ယင်းဓလေ့ထုံးတမ်းဖြင့်ဖြစ်စေ ထိုအခွင့်အရေး၊ တာဝန် သို့မဟုတ် တာဝန်ရှိမှုကို ငြင်းဆိုနိုင်သည် သို့မဟုတ် ပြောင်းလဲနိုင်သည်။

**သင့်လျော်သောအချိန်သည် အကြောင်းခြင်းရာပြဿနာတစ်ရပ်ဖြစ်ခြင်း။**

၆၃။ ဤအက်ဥပဒေတွင် လျော်ကန်သင့်မြတ်ချိန်ကို ရည်ညွှန်းသည့်ကိစ္စတွင် လျော်ကန် သင့်မြတ်သော အချိန်သည် မည်သည့်အချိန်ဖြစ်သည်ဆိုခြင်းမှာ အကြောင်းခြင်းရာ ပြဿနာတစ်ရပ် ဖြစ်သည်။

**လေလံတင်ရောင်းချခြင်း။**

၆၄။ လေလံတင် ရောင်းချသည့်ကိစ္စ တစ်စုံတစ်ရာတွင်-

(၁) ကုန်စည်ကို အစုလိုက်အပုံလိုက် လေလံတင်ရောင်းချခြင်းဖြစ်ပါက ယင်းကုန်စည် အစုအပုံ တစ်ခုချင်းသည် သီးခြားအရောင်း ပဋိညာဉ်တစ်ရပ်စီအတွက် ရောင်းချ သည့်ပစ္စည်း ဖြစ်သည်ဟု မြင်သာစွာမှတ်ယူသည်။

(၂) လေလံတင်ရောင်းချသူက တူထုခြင်းဖြင့်ဖြစ်စေ၊ အခြားလုပ်ရိုးလုပ်စဉ်နည်းဖြင့်ဖြစ်စေ ရောင်းချမှု ပြီးဆုံးကြောင်းကြေညာသည့်အခါ ရောင်းချခြင်း အထမြောက်သည်။ ထို့ပြင် ယင်းသို့ကြေညာခြင်း ပြုလုပ်ချိန်ထိ မည်သည့်လေလံဆွဲသူ မဆို မိမိ၏ လေလံဆွဲခြင်းကို ရုပ်သိမ်းနိုင်သည်။

(၃) ရောင်းချသူကဖြစ်စေ၊ ရောင်းချသူ၏ ကိုယ်စားဖြစ်စေ လေလံဆွဲဝယ်ခွင့်ကို အတိအလင်း သီးသန့်ရယူထားခွင့်ရှိသည်။ ထို့ပြင် ဤအခွင့်အရေးကို အခြား နည်းဖြင့် ရယူထားခြင်းမရှိဘဲ ယင်းကဲ့သို့ အတိအလင်း သီးသန့်ရယူထားခွင့် ရှိသည်တွင် ရောင်းချသူ သို့မဟုတ် ၎င်း၏ကိုယ်စား တစ်ဦးတစ်ယောက်သောသူသည် ဤမှနောက်တွင် ဖော်ပြသည့်ပြဋ္ဌာန်းချက်များကို အထောက်အထား ပြု၍ လေလံပွဲ၌ လေလံဆွဲနိုင်သည်။

(၄) ရောင်းချခြင်းသည် ရောင်းချသူ၏ ကိုယ်စားလေလံဆွဲရန် အခွင့်အရေးကို အထောက်အထား ပြုမည်ဖြစ်ကြောင်း သိစေခြင်းမရှိသည့်ကိစ္စတွင် ရောင်းချသူ အနေဖြင့် ယင်းလေလံပွဲ၌ ၎င်းကိုယ်တိုင် လေလံဆွဲခြင်း သို့မဟုတ် လေလံဆွဲရန် တစ်ဦးတစ်ယောက်အား စေခိုင်းခြင်းသည်သော်လည်းကောင်း၊ လေလံတင် ရောင်းချသူအနေဖြင့် ရောင်းချသူ သို့မဟုတ် ဆိုခဲ့သည့်သူတစ်ဦးဦးက လေလံ ဆွဲခြင်းကို သိလျက်နှင့် လက်ခံခြင်းသည်သော်လည်းကောင်း လိမ်လည်လှည့်ဖြား သည်ဟု ဝယ်ယူသူက မှတ်ယူ နိုင်သည်။

(၅) ရောင်းချခြင်းသည် ကြမ်းခင်းဈေး သို့မဟုတ် အနိမ့်ဆုံးသတ်မှတ်ဈေးနှုန်းကို ထောက်ထားရမည် ဖြစ်ကြောင်း အသိပေးနိုင်သည်။

(၆) ရောင်းချသူသည် တန်ဖိုးမြင့်တက်စေရန်အလို့ငှာ ဟန်ဆောင်၍ လေလံဆွဲခြင်းမျိုးကို ပြုလျှင် ဝယ်ယူသူ၏ဆန္ဒအရ ရောင်းချခြင်းကို ပျက်ပြယ်စေနိုင်သည်။

☐

**၆၅။** * * * *

**ခြွင်းချက်များ။**

☐

**၆၆။** (၁) ဤအက်ဥပဒေပါ မည်သည့်အချက်ကမျှ အောက်ပါတို့ကို ထိခိုက်ခြင်း သို့မဟုတ် ထိခိုက်သည်ဟု မှတ်ယူခြင်းမရှိစေရ-

(က) ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီက ရရှိထားပြီးဖြစ်သော၊ တိုးပွားပြီးဖြစ်သော သို့မဟုတ် တာဝန်ကျရောက်ပြီးဖြစ်သော အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အတိုး၊ ဆောင်ရွက်ရန်တာဝန် သို့မဟုတ် ပေးရန်တာဝန်ရှိမှု၊ သို့မဟုတ်

(ခ) ယင်းအခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အတိုး၊ ဆောင်ရွက်ရန် တာဝန် သို့မဟုတ် ပေးရန်တာဝန်ရှိမှုနှင့် စပ်လျဉ်းသည့် တရားဥပဒေအရ အရေးယူဆောင်ရွက် သည့် အမှုများ သို့မဟုတ် သက်သာခွင့်၊ သို့မဟုတ်

(ဂ) ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီက ပြုလုပ်ပြီး သို့မဟုတ် နစ်နာခြင်းခံရပြီး ကိစ္စတစ်ရပ်ရပ်၊ သို့မဟုတ်

(ဃ) ကုန်စည်ရောင်းချခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်၊ သို့မဟုတ်

(င) ဤအက်ဥပဒေနှင့် ကွဲလွဲမှုမရှိသော နည်းဥပဒေတစ်ရပ်ရပ်။

(၂) ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ကုန်စည်ရောင်းချခြင်း ပဋိညာဉ်များ နှင့် စပ်လျဉ်းသည့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများသည် အဆိုပါ ပဋိညာဉ် များနှင့် ဆက်လက် သက်ဆိုင်စေရမည်။

(၃) အရောင်းပဋိညာဉ်နှင့် စပ်လျဉ်းသည့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် မရွှေ့မပြောင်း နိုင်သောပစ္စည်းကို ပေါင်နှံခြင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ပေါင်နှံခြင်း၊ အကျိုးခံစားခွင့်၊ သို့မဟုတ်

အခြားအာမခံထားခြင်းအဖြစ် တည်ရှိရန်ရည်ရွယ်သော အရောင်းပဋိညာဉ်ပုံသဏ္ဌာန်ရှိသည့် ဆက်ဆံဆောင်ရွက်မှု တစ်ရပ်ရပ် နှင့် သက်ဆိုင်ခြင်း မရှိစေရ။

**Footnote**

ပုဒ်မ ၆၆၊ ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ်(က)၏ ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီက = ဤအက်ဥပဒေ စတင်အာဏာတည်သည့်ရက်စွဲ။